
မြမြစိမ်း

# ပုန်းကွယ်နေသော မေတ္တာရှင်

## တစ်။

နေသည် ပြင်းပြင်းပူနေ၏ ။

ချွေးဒီးဒီးကျအောင် အိုက်စပ်ပူလောင်လှသော ဒဏ်ကို မခံနိုင်လွန်းသည့် ကြားကပင် သူသူ ငါငါ လူတကာတို့သည် လှုပ်လှုပ်ရှားရှား သွားလာလျက် နေကြပေ၏ ။

သူတို့တွင် မလွဲမကင်းသာသော အကြောင်းကြောင်းတွေ ကိုယ်စီကိုယ်စီ ရှိနေကြသည် မဟုတ်ပါလား။

နှစ် ဆယ်ရာစုနှစ် တွင် အမြင်မတော် တော့ပြီ ဖြစ်သော ချုံးချုံးကျနေသည့် ကုန်တင်ကား အိုကြီးတစ်စင်းသည် ပျင်းရိလေးတွဲ ဟန်ဖြင့် လှုပ်ရှားလျက်ရှိပေ၏ ။

ထိုကားကြီး မောင်းနေ နေသူကို ကြည့်ပါလေဦး။

မဲမဲကြုတ်ကြုတ်နှင့် ဝတုတ်သော ခန္ဓာကိုတွင် ချွေးစီးတွေ က တုတ်တုတ်ကျနေ၏ ။ သူ့ကို တွင် ဝတ်ဆင်ထားသော ညစ်ထေးနေသည့် စွပ်ကျယ် လက်ပြတ်သည် ရေညှိစ်ချ၍ ရလောက် အောင်ပင် စိုနစ်နေ၏ ။

ပူအိုက်ပြင်းပျလွန်းနေသော ရာသီဥတုဒဏ်ကို သက်သာရာရလိုရငြား သူသည် ခါးတွင် ဝတ်ဆင်ထားသော အသွေးအဆင်မပေါ်တော့သည့် ပုဆိုးကို ပေါင်ရင်းအထိ ဆွဲတင်ထားနေ၏ ။

အဆီပြန်သော သူ့မျက်နှာပြဲပြဲဝိုင်းဝိုင်းကြီးကို စေ့စေ့ကြည့်မည် ဆိုလျှင် သေးကျဉ်း လွန်းသော သူ့မျက်လုံးအစုံသည် တချီတချီတွင် ပိတ်ဖုံးကာ ငိုက်မြည် းကျနေသည်ကို တွေ့ရမည် ဖြစ်၏ ။

ကားမောင်းနှင်ရင်း ငိုက်မြည် းနေခြင်းသည် အန္တရာယ်ကို လက်ယက်ခေါ်နေသကဲ့သို့ ဖြစ် သည်ကို သိပါလျက်နှင့် ပင် သူသည် စိတ်ကို မချ

ပ်တည်းနိုင်ဘဲ "မရှက်ကြီး သုံးချက်" တွင် တရှက် ပါဝင်နေသော "ငိုက်မရှက်" ၏ ပရောဂ ဝဲဂယက်တွင် မျောပါလာလျက်ရှိရှာ၏ ။

မဆုံးသေးသော ခရီး၏ လမ်းခုလမ်းတစ်နေရာတွင် ငိုက်မြည် းခြင်းကို အတောသတ်လိုက် သည့်အန္တရာယ်က ဘွားကနဲပေါ်လာ၏ ။

သူ့ရှေ့လက်တစ်ကမ်းစာမျှပင် မကွာသော နေရာတွင် မာစီဒီးကားနက်တစ်စင်း၊ ဦးချင်းဆိုင် တိုက်မိရန် စက္ကန့်မျှသာလိုတော့၏ ။

"ဟာ"

သည်အခါတွင် တော့ ရုတ်တရက် ဆူဝေသွားသော ထိတ်လန့်စိတ်ဖြင့် ယောက် ယက်ခတ် ပြာလောင်သွားရှာသော သူသည် မော်တော် ကား စတီယာရင်ကို ညာဘက်သို့ တအားဆွဲချလိုက် မိ၏ ။

သည်ကားကြီးသည် လမ်းဘေးကျောက်ထဲသို့ ကျမည့် ဘေးမှ သီသီကလေး လွတ်ခဲ့သော် လည်း ပင်စည်တုတ်ခိုင်သော လမ်းဘေးရှိ ကုက္ကိုပင်ကြီးကိုတော့ မရှောင်တိမ်းနိုင်ခဲ့ပါချေ။

ကားသည် ဒိန်းကနဲ မြည် သံနှင့် အတူ ရှေ့ပိုင်း ညာဘက်တခြမ်းလုံး ချု ငုံဝင်တွန့်လိမ်၍ သွား၏ ။

အပြည့်အသိပ် တင်ဆောင်လာသော ကုန်ပစ္စည်းများ ဝရုန်းသုန်းကား ဖြစ်သံနှင့် အတူ စူးရှ သော မိန်းမသံ နှစ် ခုကလည်း ထိုအချင်း ဖြစ်ပွားသည့် အချိန်တွင် ထွက်ပေါ်လာ၏ ။

"အောင်မလေး"

"အောင်မလေး သေပါပြီတော် "

သေးငယ်သော မိန်းကလေး တစ်ယောက် ၏ အထိတ်တလန့် အော်သံနှင့် မိန်းမကြီးကြီး တစ်ယောက် ၏ ခပ်သြသြ အသံသည် ပတ်ဝန်းကျင်ကို ချောက်ချားဖွယ်ရာ

ဖုံးအုပ်သွား၏။

“ဟေ့ . . . ဟေ့ မြန်မြန်ဆင်း သေကုန်ပြီထင်တယ်”

မာစီဒီးကားနက်သည်လည်း အန္တရာယ်လက်တကမ်းအလိုတွင် ဒက်စတော့အုပ်သွားကာ တုန့်ကန်ရပ်သွား၏။ ကားပေါ်မှာ ပါလာသူနှစ် ဦးသည် ရှေ့ပိုင်းတံခါး နှစ် ချပ်ကို ကိုယ်စီဖွင့်ကာ ကုန်ကားကြီးဆီသို့ ပြေးလာခဲ့ကြ၏။

သူတို့နှစ် ဦး ကားအနီးသို့ ရောက်လာချိန်တွင် အသားမဲမဲကြုတ်ကြုတ်နှင့် မျက်လုံးကြီးများ တအားကုန် ပြူး ကာ ပြူတင်းပေါက်မှ ပြူထွက်လာသော မိန်းမကြီး တစ်ယောက် နှင့် ဘွားကနဲ ဆုံမိ လိုက်ကြ၏။

“အောင်မလေး လာကြပါဦး။ ကျုပ်တူမလေး .. . ကျုပ်တူမလေး ဟိုအထဲမှာ သေပြီထင်ပါ ရဲ့ ”

မိန်းမကြီးသည် ကားထဲတွင် တောင်းများ ဖရိုဖရဲလဲကျနေရာသို့ တုံတုံရီရီညွှန်ပြရင်း ပထမဆုံး တွေ့လိုက်ရသူနှစ် ဦးကို အကူအညီတောင်းခံလိုက်၏။

“ဟေ့ . . . နောင်လတ်၊ လူက တောင်းတွေ အောက်မှာ နဲ့ တူတယ်”

“ဟုတ်တယ် မြန်မြန်ဖယ်ထုတ်မှ”

အမျိုးသားနှစ် ဦးသည် ပြိုလဲကျနေသော ခရမ်းချဉ်သီးတောင်းများ၊ အထုပ်များ ကို ကပျာ ကရာ ထုတ်ဖယ်လိုက်ကြသည်တွင် အပေါ်သို့ ထောင်နေသော ဝါရွှေနုညက်သည့် ခြေထောက် ကလေးတစ်စုံကို စတင်၍ တွေ့လိုက်ရ၏။

“ဟာ”

သူတို့နှစ် ဦးသည် ပို၍ အားကြိုး မာန်တက်ပြုကာ ပိနေသော ခြင်းများ ကို ဖယ်ထုတ်ပစ်နေ ကြ၏။ သည်အခိုက်မှာ ဘဲ တောင်းတွေ ထဲမှ ဖိတ်စင်ပုံကျနေသော ခရမ်းချဉ်သီးပုံအောက်မှ မိန်းခ လေးသည် ရုန်းကန်၍ ထွက်လာ၏။

တစ်ကိုယ်လုံး ခရမ်းချဉ်သီး အလိမ်းလိမ်း ဖြစ်နေသော မိန်းခလေးသည်

လှပသော နှုတ်ခမ်းလွှာကလေးကို ဝတ်လုံးသဏ္ဍာန်ဝိုင်း၍ လဲ့ပြာကြည်လင်သော မျက်ဝန်းကို ပြူး ၍ အံ့အား သင့်ဟန်ပြနေသော အမျိုးသားနှစ် ဦးကို ကြည့်နေ၏ ။

‘ဘာ . . . ဘာ ဖြစ်သွားတာလဲဟင်’

တစ်ဦးက မိန်းမပျိုကလေး၏ လက်နှစ် ဖက်ကို ဆွဲကိုင်ရင်း . . စိုးရိမ်ကြောင့်ကြ မေးလိုက် သည်။

“အို”

မိန်းမပျိုကလေးသည် အမျိုးသား၏ လက်များ ကို ပုတ်ချပြီး မျက်စိစုံမှိတ်၍ စုတ်တသပ်သပ် ပြုရင်း ခါးကို ဖိထားနေသော မဲမဲကြုတ်ကြုတ် အဒေါ်ကြီးဆီသို့ အလျင်အမြန် တိုးဆုတ်သွားနေ၏ ။

“ဒေါ်ဒေါ် ရွှေအိမ်”

“ဟဲ့ . . . ကောင်မလေး . . . ခင်လေး ကိုယ်မှာ သွေးတွေ နဲ့လား”

အဒေါ်ကြီး၏ အသံက အထိတ်တလန့် ရှိလှ၏ ။ သူသည် မမြင်ရဲဟန်ဖြင့် လက်နှစ် ဖက်ဖြင့် မျက်နှာကိုလည်း အုပ်လိုက်၏ ။

“အို . . . မဟုတ်ပါဘူး . . .ခင်လေး ဘာမှ မ ဖြစ်ပါဘူး။ ခရမ်းချဉ်သီးတွေ တစ်ကိုယ်လုံးမှာ ပေနေတာပါ”

“အောင်မလေး . . .တော် ပါသေးရဲ့ . . . တော် ပါသေးရဲ့ ”

အဒေါ်ကြီးသည် ရင်ဘတ်ကို တဖတ်ဖတ်ပုတ်လိုက်ပြီး သူတို့ရှေ့တွင် ရပ်နေသူ အမျိုး သားနှစ် ဦးကို ကြည့်လိုက်သည်။

သူ့မျက်နှာထားတွင် မကျေနပ်မှု တွေ က အထင်းသား ပြနေ၏ ။

“မင်းတို့က ကားကောင်းကြီးစီးနေရလို့ ရမ်းကြတာလား”

“ဗျာ . . .”

အမျိုးသားနှစ် ဦးအနက် တစ်ဦး၏ နှုတ်မှ အာမေဋိတ်သံ ထွက်သွား၏ ။

ကျန်တစ်ဦး ကတော့ ပြူး ကျယ်သွားသော မျက်လုံးများ ဖြင့် ပုပုဝဝနှင့် မဲကြုတ်ကြုတ်၊နိုင်လှ သည့် အဒေါ်ကြီးကို ဆတ်ကနဲ ကြည့်လာ၏ ။

"ကြည့်စမ်း . . . အသက်တွေ မသေကောင်း မပျောက်ကောင်း"

အဒေါ်ကြီးက ထပ်တွန့်တက်လာပြန်၏ ။

"ဒေါ်ဒေါ် ရွှေအိမ် . . . ဦးလေးဝကြီးကော"

"အဲ ဟုတ်ပါရဲ့ ၊ မောင်ဝ . . . ဟဲ့ . . . ဟဲ့ .. . ကြည့်ကြပါဦး"

သည်တော့မှ အမျိုးသမီးနှစ် ဦးသည် ရှေ့ခန်းက ယာဉ်မောင်းကြီးကို သတိရဖော် ရလာကာ ကားပေါ်မှ ပြေးဆင်းကြည့်မိလိုက်ကြသည်တွင် ပျက်စီးနေသော ကားကို ခေါင်းတရမ်းရမ်းဖြင့် ကြည့်နေသော ယာဉ်မောင်းကြီးကို တွေ့လိုက်ရပေ၏ ။

"ဟင် မောင်ဝ . . . မင်း ဘာမှမ ဖြစ်ဘူးနော်"

လူကြီးသည် ခေါင်းခါပြလိုက်သော် လည်း မျက်နှာကြီး ကတော့ ရှုံ့မဲ့နေ၏ ။

"ကံသီလို့ပေါ့ဗျာ . . . ကျုပ်ကိုယ်ကို ဘယ်ဘက်ကိုသာ တိမ်းမချလိုက်ရင် စေ့စေ့ညက် ညက် ဖြစ်ပြီး သေမှာ သေချာတယ်"

"ဒါ ခင်ဗျားအပြစ်ဘဲ ခင်ဗျား အရက်မူးလာသလား"

အမျိုးသားနှစ် ဦးအနက် အနည်းငယ် အသက်ငယ်ပုံရသော တစ်ဦးက မျက်နှာကို မှု န်တေ တေ ထားကာ ယာဉ်မောင်းကြီးကို အပြစ်တင်လိုက်သည်။

"မမူးပါဘူးဗျာ။ ငိုက်သွားမိလို့ပါ"

"ခင်ဗျားဗျာ . . . အံ့တယ်။ ငိုက်ပြီးများ ကားမောင်းရသတဲ့လား။ အားလုံး သေကုန်နိုင် တယ်ဗျ"

ယာဉ်မောင်းကြီးသည် ကိုယ့်အပြစ်နှင့် ကိုယ်မို့ ဦးခေါင်းငုံ့ကာ နှုတ်ဆိတ်နေ၏ ။

မိန်းမပျိုကလေးသည် သူတို့အ ဖြစ်ကို ပြန်လည်တွေ းမိဟန်ဖြင့် ကြက်သည်းထဟန်ပြုပြီး ပိုမိုသဲထိတ် ရင်ဖို ဖြစ်လာဟန်ဖြင့် သူ့အနီးက အဒေါ်ကြီးကို ဖက်ထားလိုက်၏ ။

'လာဗျာ. . . လေးလေးကျော်၊ ခင်ဗျားခရီးဆက်ဖို့ နောက်ကျနေလိမ့်မယ်'

"ဟာ . . . သူတို့ ဒုက္ခရောက်နေတာကို ဒီအတိုင်း ထားခဲ့လို့ ဘယ် ဖြစ်မလဲ"

"ရပါတယ် . . . ရပါတယ်၊ မောင်ရင်တို့ သွားချင်ရာကိုသာ သွားကြပါ။ ကျု ပ်တို့အတွက် မပူ ပါနဲ့"

" ဖြစ်ပ့ါမလား၊ ခင်ဗျားတို့ကား အခြေအနေက ဒီကနေ ထွက်လို့ တော် တော် နဲ့ ရမယ် မထင်ဘူး"

"ဟင် ဟုတ်လား မောင်ဝ"

အဒေါ်ကြီးသည် မျက်လုံးပြူး ထွက်သွား၏ ။

"ဟုတ်တယ် . . . ဒေါ်ရွှေအိမ်၊ ခင်ဗျားတို့ တူအရီးအတွက် ပြဿ နာဘဲ"

"အောင်မယ်လေး . . . ရန်ကုန် အမြန်ရောက်ချင်တယ်ဆိုမှ ပြဿ နာ ဖြစ်ရသေးတယ်။ တကတဲတော် "

အမျိုးသမီးကြီးသည် မကျေနပ်ဟန်ဖြင့် ဆောင့်ဆောင့်အောင့်အောင့်ကြီးပြုကာ မျက်နှာကို တဖက်သို့ လွှဲဖယ်ပစ်လိုက်၏ ။

"ဒေါ်ရွှေအိမ် . . . . ခင်ဗျားတို့တူအရီး တည်းဖို့နေရာရှာမှဘဲ၊ ဒီနေရာကြီးမှာ ညအိပ်လို့ တော့ မသင့်တော် ဘူး"

"ဟဲ့ . . . မင်းဥစ္စာက ပြန်ကောင်းဖို့ ဘယ်လောက်ကြာမှာ မို့လဲ"

"အပျက်အစီးက နဲတာမှ မဟုတ်ဘဲ၊ သုံးလေးရက်နဲ့ ပြီးရင်ကံကောင်း"

"အောင်မလေးတော် . . .. သူ့အားကိုးလာပါတယ်။ ခုမှ ဒုက္ခလုံးလုံး

ရောက်တော့တာဘဲ”

“ခက်မနေနဲ့ ဒေါ်ရွှေအိမ်၊ မနက်ကျ ပဲခူးကထွက်တဲ့ကားတစ်စီးစီးကိုစီးရင် ရန်ကုန်ကို ရောက်ပါတယ်။ ခု . . . တည်းဖို့နေရာကိုသာ ရှာကြရအောင်”

“ခက်လိုက်တာ . . မောင်ဝရယ်”

“ခင်ဗျားတို့ ဒီလိုလုပ်ပါလား၊ ကျုပ်တို့ကားနဲ့ လိုက်ခဲ့၊ မြို့ ထဲရောက်မှ တည်းခိုစရာရှာကြ ပေ့ါ။ ဒီအတိုင်းနေလို့ကတော့ မိုးသာချုပ်မယ် ခရီးရောက်မှာ မဟုတ်ဘူး”

“အို . . . နေပါစေကွယ်။ ဒို့ဖာသာဒို့ သွားနိုင်ပါတယ်”

အဒေါ်ကြီးက ဝင်ပြောလာသူကို ခါးခါးသီးသီး အမူအရာဖြင့် ငြင်းဆန်လိုက်၏ ။

“အို . . . ဒေါ်ဒေါ်ရွှေအိမ်ကလဲ ဟုတ်သားဘဲ။ သွားရမဲ့ အတူတူတော့ ဒီကအစ်ကိုတွေ ကားနဲ့လိုက်သွားရင်လဲ ပြီးတာဘဲ”

တစ်ချိန်လုံးနှုတ်ဆိတ်နေသော မိန်းမပျိုကလေးက ဝင်ပြောလာသည့်အခါတွင် အဒေါ်ကြီး သည် သိမ့်ကနဲတုန်ကာ သူ့ဘက်သို့ လှည့်သွား၏ ။

“အို ခင်လေးကလဲ ဒီကမောင်ရင်တွေ တာဝန်ပိုနေပ့ါမယ်။ ဒေါ်ရွှေအိမ်တို့ဖာသာ ပြဿ နာ ရှင်းကြတာပေ့ါ”

“မဟုတ်သေးပါဘူးလေ။ ခရီးသွားအချင်းချင်း ဒီလောက်ကူညီရတာ ဒီလောက် အပမ်း မကြီးပါဘူး။ ထမ်းသွားရတာ မှ မဟုတ်ဘဲ။ ကားနဲ့တင်သွားရတာ ဘဲ။ ခင်ဗျားတို့ ဘာသာ ခင်ဗျားတို့ သွားရင် ခြေလျင်နှင်ရမှာ သေချာတယ်။ ဒီက ညီမလေး လျှောက်နိုင်ပ့ါမလား။ စဉ်းစားပါဦး ဒီအချိန်က ကားပြတ်တယ်”

ပြုံး တုံ့တုံ့မျက်နှာဖြင့် သဘောသကာယ ကောင်းပုံရှိသော အမျိုးသားတစ်ဦးက ဝင်၍ ပြော လိုက်သဖြင့် အဒေါ်ကြီးသည် ရေ့သို့ မည် သို့ စကားဆက်ရမှန်းမသိဘဲ ဖြစ်သွား၏ ။ ထိုစဉ်တွင် မိန်းမပျိုကလေးသည် သစ်ပင်ကို ဦးခိုက်နေသော ကားပေါ်သို့ အပြေးကလေးတက်သွားပြီး လွယ်အိတ်နှစ် လုံးကို ဆွဲချ၍ ပြန်ဆင်းလာ၏ ။

"ခင်လေးတော့ အစ်ကိုတို့ကားနဲ့ လိုက်သွားမှာ ဘဲ၊ ခရီးဝေးလမ်းမလျှောက်နိုင်ဘူး"

"ဟဲ့ . . . ဟဲ့ . .. ခင်လေး"

အဒေါ်ကြီးက အထိတ်တလန့် တားမြစ်လိုက်သော် လည်း ခင်လေးမည် သော နနုညက် ညက် မိန်းခလေးသည် မာစီဒီးကား နောက်ခန်းအနီးသို့ ရောက်ရှိသွား၏ ။ သည်တော့လည်း အဒေါ် ကြီးသည် လက်လျှော့လိုက်ရဟန်ဖြင့် ပင့်သက်ရှိုက်ရင်း ကားဆီးသို့ ချဉ်းကပ်လာရရှာတော့၏ ။

♥ ♥ ♥

## နှစ်

မာစီဒီး ကားနက်ကြီး၏ ထိုင်ခုံသည် အိစက်ညက်ညော လှ၏ ။

စီးရသည့် အရသာမှာ တညိတ်ညိတ်တသိမ့်သိမ့်။

ခင်လေးမည် သော မိန်းခလေးမှာ အဒေါ်ကြီးက စောင်းကာကဲကာ ကြည့်နေသည်ကို မသိကျိုးကျွံပြုကာ၊ ကစားစရာ အသစ်အဆန်းတွေ ့သော ခလေးငယ်တစ်ဦးကဲ့သို့ ရွှင်မြူး စွာ လိုက်ပါလာလျက်ရှိ၏ ။

စို့စို့ဖူးဖူး နနုဖတ်ဖတ်ရှိလသည်။ သည်မိန်းမလေး၏ နှုတ်ခမ်းလွှာကလေးများ သည် လှလွန်း မက လှပါဘိတော့၏ ။

မျက်ဝန်းလဲ့ပြာပြာ ကျော့ရှန်းသော နတ်မျက်တောင်တို့ကလည်း ဘယ်ပန်းချီရေး ၍ မှ မမှီနိုင် အောင်ရှိလှမည် ထင့်။ မေးဖျား ချွန်ချွန်ကလေးဖြင့် အဆုံးသတ်ထားသော သူကလေး၏ ဗန်ဒါစေ့ ပုံစံ မျက်နှာသွယ်ကလေးသည် စွဲမက်စရာ အပြည့်ရှိလှပါပေ၏ ။

သည့်အလှအစုစုတို့ကို ကားနောက်ကြည့် မှန်ထဲမှတစ်ဆင့် ရှေ့ခန်းက သကောင့်သား နှစ် ယောက် သည် ကောင်းကောင်းကြီးကို အသေးစိတ် မှုံး၍ သုံးသပ်နေမိကြသည်မှာ မလွဲပေ။

အဒေါ်ကြီးက အကင်းပါလှ၏ ။ 'နင်တို့ကောင်တွေ ခင်လေးကို ငမ်းကျောထနေတာ ငါသိပါ တယ်ဟယ်'ဟု ပြောနေသယောင်ရှိသော မျက်လုံးအစုံဖြင့် သူသည် မှန်ထဲက မျက်လုံးများ ကို အားမနာတမ်းင် ပြန်ကြည့်နေလိုက်မိသည်။

ဤသည်ကို နောင်လတ်က ရိတ်မိသော် သဲ့သဲ့ပြုံး ရင်း မျက်နှာလွှဲလိုက်၏ ။

ကျော်သူရိန် ကတော့ အရှိန်မပျက်ပေ။

အဒေါ်ကြီးသည် သီးမခံနိုင်သည့် အဆုံးတွင် တော့ ကျော်သူရိန်အား မျက်စောင်းကြီး တစ်ချက် နာနာခဲ့ပစ်လိုက်၏ ။

"အဟဲ . . ."

ကျော်သူရိန်ထံမှ မပွင့်တပွင့် ဟဲသံ ထွက်ပေါ်၍ လာသည်။

သူက ဦးခေါင်းကို ချာကနဲ နောက်ဘက်သို့ လှည့်လာပြီး ကားပြတင်းပေါက်မှ လေတိုးမှု အရသာခံနေသော မိန်းမလှကလေးကို ကြည့်လိုက်၏ ။

"ညီမလေးတို့ ပဲခူးရောက်ရင် ဘယ်မှာ တည်းကြမလို့လဲ"

"ဟင် . . ."

ခင်လေးသည် စိတ်ကူးယဉ် ကမ္ဘာထဲမှ ရုန်းထွက်လာသူ တစ်ဦးကဲ့သို့ ကျော်သူရိန်အား ကြည့်လိုက်၏ ။ ပြီးမှ အဒေါ်ကြီးဘက်သို့ အဖြေတောင်းသော မျက်လုံးများဖြင့် ကြည့်လာပြန်၏ ။

"အို . . . ဟိုရောက်တော့ ရောက်လျှားဘဲပေါ့ကွယ်"

"ဟာ . . . မဟုတ်တာဘဲ၊ ခင်ဗျား တစ်ယောက် ထဲ အတွက်ဆိုရင်တော့

ရောက်လျှားက အကြောင်းမဟုတ်ဘူး။ ဒီက မိန်းမပျိုကလေးအတွက် စဉ်းစားရမှာ ပေါ့မျှ”

“အလို . . . မောင်ရင့်နှယ် အိုးကမပူ စလောင်းက ပူရန်ကော ကျုပ်တူမအတွက် ကျုပ်တာဝန်ပါ။ မောင်ရင်တို့ မြို့ ထဲရောက်ရင်သာ ကားရပ်ပေး၊ ဒါဘဲ”

“အို . . . ဒေါ်ဒေါ်ရွှေအိမ်ကလဲ စကားပြောတာ ကြည့်ပြောပါ။ ဒီက အစ်ကိုတွေ ကို အားနာ စရာ ဖြစ်နေပြီ”

“အောင်မယ် မရွှေစာ၊ အားမနာနဲ့။ အားနာရင် ကျားသတ္တဝါထက် ဆိုးတာတွေ နဲ့ တွေ့သွား မယ်နော် ဟင်း . . . ဟင်း . . . .”

“အို . . .”

ခင်လေးခမျာ အဒေါ်ကြီးအား တားကာမှ ပိုဆိုး ဖြစ်ကာ မျက်လုံးကလေးများ အပြူး သားဖြင့် အားတုံ့အားနာ ဖြစ်နေရှာ၏ ။

“ရှုပ်တယ်ဗျာ လေးလေးကျော်၊ ဒီအဒေါ်ကြီး သူ့တူမကို ဒီလောက် သဝန်တိုလှတာ ပြန်ပေး ဆွဲသွားလိုက်ရရင် မကောင်းဘူးလား”

ကားမောင်းနေသူက တည်တည်တံ့တံ့ကြီး ဝင်ပြောလာသည့်အခါတွင် အဒေါ်ကြီးခမျာ မျက်လုံးမျက်ဆံ ပြူး ရရှာတော့၏ ။

“ဟေ့ . . .ဟေ့ . . . သူငယ်တွေ ၊ မင်းတို့ ဒီလိုတော့ မလုပ်ကြပါနဲ့ကွယ်။ အဒေါ်တို့က လက်လုပ်လက်စား တောသူတောင်သားတွေ ပါ။ မနှိပ်စက်ချင်ကြပါနဲ့”

“ဟား . . . ဟား . . . ဟား . . . ငနောင်ရေ၊ ဒီလိုကျတော့လဲ အဒေါ်ကြီးက ကြောက် တတ်သား”

“အောင်မလေး . . . ကြောက်တတ်ပါတယ် တော်၊ ကြောက်တတ်ပါတယ်။ ညတပို့တပါး ထသွားတာတောင် အိမ်ကလူဖိုးကွမ်းမပါရင် ကျုပ်မသွားရဲပါဘူး။ တကယ်ပါ၊ တကယ်ပါ”

“အို . . .ဒေါ်ဒေါ် ရွှေအိမ်ကလဲ”

“အဲ . . . လဲ့ . . . လဲ့ . . .”

မိန်းမပျိုလေးက လှမ်းဆိတ်လိုက်သဖြင့် အဒေါ်ကြီးသည် သူ့ပေါင်ကို ပွတ်ရင်း ရှုံ့မဲ့၍ နေရှာ၏ ။

ရှေ့က သကောင့်သားနှစ် ယောက် ကတော့ တဟင်းဟင်း တဟားဟားနှင့် ။

သို့ နှင့် ပဲခူးမြို့ ဈေးရှေ့သို့ ရောက်ရှိလာခဲ့ကြ၏ ။

“ကဲ . . . ပြော၊ ဘယ်မှာ ရပ်ရမလဲ”

နောင်လတ်က ကားအရှိန်ကို လျှော့၍ မေးလိုက်သည်။

“အင် . . .”

အဒေါ်ကြီးသည် လူတွေ ၊ ကားတွေ ပျားပန်းခတ်မျှ လှုပ်ရှားနေသော သူ့ပတ်ဝန်းကျင်ထဲသို့ ဟိုဟိုသည်သည် ကြည့်ကာ တစ်စုံတစ်ခုကို ဝေခွဲမရအောင် ဖြစ်နေ၏ ။

“ဘာကြည့်နေတာလဲ၊ ဒီအနီးအနားမှာ ဒေါ်ဒေါ်ရွှေအိမ် အသိရှိလို့လားဟင်”

ခင်လေးသည် ဒေါ်ရွှေအိမ် အနီးသို့ တိုးကပ်၍ တိုးတိုးတိတ်တိတ်ကလေး မေးလိုက်ရှာ၏ ။

“ဟဲ့ . . .ငါ့အသိ ဒီပဲခူးမှာ တစ်ယောက် မှ မရှိပါဘူး”

ဒေါ်ရွှေအိမ့်ဖြေသံကား အနည်းငယ် ကျယ်သွား၏ ။

“ဟင် . . ဒါဖြင့် ခင်လေးတို့ ဘယ်မှာ တည်းကြမှာ လဲ။ တည်းခိုခန်းမှာ ဘဲ ရအောင်လို့လဲ ငွေ နှစ် ဆယ်ပြည့်အောင်တောင် ပါတာမဟုတ်ဘူး မဟုတ်လား”

ခင်လေးသည် မျက်နှာကလေး ညှိုး ငယ်ကာ ခပ်ညည်းညည်းကလေး ပြောလိုက်ရှာ၏ ။

“အို . . . အသာနေစမ်းပါ၊ ဒီမယ် . . . ဘုရား တန်ဆောင်းတွေ ပြည့်လို့ပါ။ တစ်ညတော့ ဘယ်အိပ်အိပ် ဖြစ်တယ်။ ကဲ . . . သူငယ်ရေ ရှေ့နားရပ်၊ ရှေ့နားရပ်၊ အဒေါ်တို့

ဒီနားတင် ဆင်းကြမယ်"

နောင်လတ်က ကားကို တံ့ခနဲ ထိုးရပ်ပေးသည်။

ခင်လေးသည် သူ့ပေါင်ပေါ်တွင် ချထားသော လွယ်အိတ်ကလေးကို ကောက်ယူ၍ ရင်ခွင် တွင် တင်းကြပ်စွာ ဖက်ထားရင်း မျက်လုံးရွဲကြီးဖြင့် ရှေ့ခန်းက အမျိုးသားနှစ် ယောက် ကိုကြည့်လာ ၏ ။

သည်မိန်းကလေး နွဲ့နွဲ့လှလှကလေးကို နောင်လတ်သည် ကြည့်ရင်း ကြည့်ရင်းက ကြင်နာ သနားစိတ်တွေ ယိုဖိတ်၍ လာမိ၏ ။

"ဒီမှာ အဒေါ်"

"ဟင် . . ."

အဒေါ်ကြီးသည် ကားတံခါးကို တွန်းဖွင့်နေရာမှ နောင်လတ်ဘက်သို့ လှည့်ကြည့်လာ၏ ။

"တည်းခိုစရာမရှိရင် ကျွန်တော့်အိမ်မှာ တည်းနိုင်ပါတယ်"

"အို . . .နေပါစေကွယ်"

"ဘာ ဖြစ်လို့လဲဗျ၊ ခင်ဗျားပြောတဲ့ ဘုရားတန်ဆောင်းတွေ ကတော့ ရှိတာပေါ့၊ ခင်ဗျား အတွက် တည်းခိုဖို့ သင့်ပေမယ့် ဒီအပျိုအရွယ်ကလေးအတွက် သင့်မလား။ တွေးကြည့်လေ၊ ကျွန်တော် တို့က စေတနာသန့်သန့်နဲ့ အကူအညီပေးနေတာပါ။ ကျွန်တော်တို့အိမ် လိုက်တည်းလို့ ခင်ဗျားတူမ မဲ့တစ်ပေါက်မစွန်းစေရဘူး ဘယ့်နှယ်လဲ"

"ဒုက္ခမရှာပါနဲ့ကွယ်"

"ဟာ . . .ခက်တော့တာဘဲ။ ဒီအဒေါ်ကြီး စေတနာနဲ့ ပြောလို့ ပြောမှန်းလဲ မသိဘူး။ ကဲဗျာ . . . အချိန်ကုန်တယ် ဆင်းတော့။ ခင်ဗျားတို့ဖာသာ ကြိုက်တဲ့နေရာ ရွေးပေတော့"

နောင်လတ်သည် စိတ်မရှည်တော့ဟန်ဖြင့် ဇိုးဇိုးဇတ်ဇတ် ကားတံခါးနှစ် ရွက်ကို ဖွင့်ပေးလိုက် ၏ ။

အဒေါ်ကြီးသည် မျက်စေ့မျက်နှာပျက်ပျက်နှင့် ကားပေါ်က အရင်ဆင်းလိုက်သည်။

"ဟဲ့ . . . ခင်လေး . . . .ဆင်းတော့လေ"

"ခင်လေး . . . စဉ်းစားနေတာ"

"ဘာ . . . ဘယ်လို . . . ဘာကို စဉ်းစားနေတာလဲ"

အဒေါ်ကြီးက ကားပြတင်းပေါက်နားသို့ တိုးကပ်ကာ ပုံ့ပုံ့ကလေးထိုင်လျက်သားရှိနေသော ခင်လေးကို ပြူး ပြူး ပြဲပြဲ ကြည့်လာ၏ ။

"ဟုတ်တယ် . . . ဒီကအစ်ကိုတွေ ပြောတာ မှန်တယ်။ ခင်လေးတော့ ဘုရားတန်ဆောင်း မှာ မတည်းချင်ပါဘူး။ ဒီကအစ်ကိုတွေ အိမ်မှာ ဘဲ . . ."

"ဟဲ့ ဟဲ့ . . . အောင်မလေး . . .ခင်လေး . . . စဉ်းစဉ်းစားစား ပြောဟဲ့၊ နင်က မိန်းခလေး နော် . . မိန်းခလေး"

"အို . . . ဒေါ်ဒေါ်ရွှေအိမ်ကလဲ၊ မိန်းခလေးမို့ ပြောနေတာပေါ့"

"ဟင် . . ."

အဒေါ်ကြီးသည် ခင်လေးကိုကြည့်ရင်း သူ့ရင်ဝကို လက်ဖြင့် ဖိထားနေ၏ ။

"ကဲလေ . . . ကြာပါတယ် ကားပေါ်ပြန်တက်၊ ဒါမှမဟုတ်လဲ ဘုရားတန်ဆောင်းမှာ ဒေါ်ရွှေ အိမ်ဘဲ သွားတည်း။ ခင်လေးတော့ ဒီကအစ်ကိုတွေ နောက် လိုက်သွားတော့မယ်။ ကဲ မောင်းတော့ အစ်ကိုရေ"

နောင်လတ်သည် ပြုံး ဖြီးဖြီးလုပ်နေသော ဦးလေးကျော်သူရိန်၏ မျက်နှာကို တစ်ချက် လှမ်း ကြည့်ပြီး ကားစက်ကို နှိုး၍ ဘီးကိုအသာလိမ့်လိုက်၏ ။

"ဟဲ့ . . .အို . . . ဟဲ့ . . .ခင်လေး . . . ငါလိုက်မယ်၊ ငါလဲ လိုက်ပါ့မယ်"

အဒေါ်ကြီးသည် ရောက်ယက်ခတ် ပြာလောင်ခြင်း ဖြစ်ကာ ဘီးလိမ့်စပြု နေသော ကားပေါ် သို့ ခုန်တက်လာ၏ ။

"အောင်မလေး . . . ခင်လေးရယ်"

ကိုယ့်ယို့ကားယား ဖြစ်သွားသော သူ့အသွင်ကို ကြည့်ကာ ခင်လေးသည် ခိုးခိုးခစ်ခစ် အသံ လေးများ ထွက်အောင် ရယ်မောနေ၏ ။

ထို့အတူပင် . . .

နောင်လတ်နှင့် ကျော်သူရိန်တို့မှာ လည်း မပြုံး ဘဲ ဝါးလုံးကွဲ ရယ်လျက်။

♥ ♥ ♥

## သုံး။

ပဲခူးမြို့ စွန် တစ်နေရာရှိ ကျယ်ဝန်းသော ခြံကြီးတစ်ခု ရှေ့ရောက်လျှင် နောင်လတ်သည် ကားကို အရှိန်လျှော့၍ ရေနံ့အထပ်ထပ် လူးခြင်းဖြင့် မဲနက်နေသော ကျွန်းတံခါးကြီးနှစ် ချပ် ပိတ်ဆို့ ထားသည့်ဂိတ်ဖက်သို့ ကားဦးကို တည့်လိုက်၏ ။ဒ

သူက ဟွန်းသံနှစ် ချက်ဆင့်၍ ပေးလိုက် သည်။

မကြာမီ တံခါးနှစ် ချပ်သည် တအိအိမြည် သံပြု၍ ပွင့်လာ၏ ။

တံခါးကို လာဖွင့်ပေးသူမှာ ခါးကုန်းကုန်းနှင့် အသက်ခုနစ်ဆယ်ကျော်ရှိမည့် အဖိုးအို တစ်ယောက် ။

“ရွှေရွှေတို့ စစ်ကိုင်းသွား ဖြစ်လား နောင်နောင်”

အဖိုးကြီးက ကားထဲသို့ ငုံ့ကြည့်ရင်း မေးလာ၏ ။

“သွား ဖြစ်တယ် ဘကြီးဖြိုး ”

“ဟဲ့ . . . သူတို့က . . .”

“သူတို့က နောင်နောင်မိတ်ဆွေတွေ ပါ”

နောင်လတ်သည် ကားကို ဆက်၍ မောင်းနှင်ခဲ့ရာ အတော် အတန်ကြာမှ ရေနံ့ဝ၍ မဲနက် နေသော နှစ် ထပ်ပျဉ်ထောင်အိမ်ကြီးတစ်လုံးရှေ့သို့ ရောက်ရှိလာ၏ ။

သူက သီရိမြိုင်ဟု ကြေးဆိုင်းဘုတ်တပ်ထားသော ဆင်ဝင်ကြီးအောက်တွင် ကားကိုထိုး၍ ရပ်လိုက်သည်။

ကားသံကြောင့် ထင့်၊ ငွေမှင်ရောင် သုတ်ထားသော ဆွဲတံခါးဆီသို့ အမေအိုကြီးတစ် ယောက် ရောက်ရှိလာ၏ ။

"အော် . . .လူလေးတို့ကိုး"

"အမယ်အိုကြီးသည် သူ့ခါးကြားက သော့တွဲ ကြီးကို ထုတ်ယူပြီး သံဆွဲတံခါးကို ဖွင့်ပေး လာ၏ ။

"အော် . . . ဧည့်သည်တွေ လဲ ပါသေးသကိုး"

ကားနောက်ခန်းမှ အသီးသီးဆင်းလာသော ဒေါ်ရွှေအိမ်နှင့် ခင်လေးကို အမယ်အိုကြီး သည် ထူးဆန်းအံ့ဩဟန်ဖြင့် ကြည့်နေ၏ ။

"ကြီးကြီးဇံ . . . ဒီက ဧည့်သည်တွေ ကို အပေါ်ထပ်က အခန်းလွတ်တစ်ခုမှာ နေရာချပေး လိုက်ပါ။ ပြီးတော သူတို့နှစ် ယောက် အတွက် ညစာလဲ ထည့်ချက်ပါ"

"မောင်ကျော်သူရိန်အတွက်ကော"

"လေးလေးကျော်က ခဘဲ ခရီးပြန်ဆက်မှာ "

"ဟုတ်တယ် ကြီးကြီးဇံ . . . ကျွန်တော် က ဒိုက်ဦးကို ဒီညရောက်မှ ဖြစ်မှာ မို့ပါ"

"အော် . .. . အေး . . .အေးကွယ်"

"ကဲ . . .ဒေါ်ရွှေအိမ်နဲ့ ခင်လေး . . . ကြီးကြီးဇံနောက် လိုက်သွားကြ။ လိုအပ်တာ ကြီးကြီးဇံ စီစဉ်ပေးလိမ့်မယ်"

"ဟုတ် . .. ဟုတ်ကဲ့"

ခင်လေးသည် သူ့လွယ်အိတ်ကလေးကို ရင်ခွင့်တွင် ကျစ်ကျစ်ပါအောင်ဖက်ရင်း ဒေါ်ငွေဇံ ၏ နောက်မှ အသာကပ်၍ လိုက်ပါလာ၏ ။

သီရိမြိုင်၏ ဧည့်ခန်းကျယ်ကြီးထဲသို့ ခြေလှမ်းဝင်လိုက်သည်နှင့် တစ်ပြိုင်နက် လှပသော ရှေးဟောင်းလက်ရာ ပန်းချီကားချပ်များ ကို ကနုတ်ပန်းခြယ်သော ဘောင်များ ဖြင့် သပ်ယပ်စွာ ချိတ်ဆွဲထားသည်ကို ရှေးဦးစွာ မြင်လိုက်ရ၏ ။ ထို့နောက်တွင် တော့ မင်းစိုးရာဇာများ ခေတ်ကာလ က အသုံးပြုသော ကုလားထိုင်၊ စားပွဲနှင့် မှန်ဘီဒိုကြီးများ ၊

'စီးပွားတိုး ဂမုန်းပင်များ စိုက်ပျိုးထား သည့် နဂါးရုပ်ဖော် တရုတ်ကြွေပန်းအိုးကြီး စသည် စသည်ပစ္စည်း ပရိဘောဂများ ကို ထပ်မံ၍ တွေ့ရှိလိုက်ရပေ၏ ။

ခင်လေးသည် သူ့အတွက် အမြင်ထူးနေသော ပစ္စည်းများ အခင်းအကျင်းများ ကို လှည့်ပတ် ငေးမော သုံးသပ်ရင်း ခြေလှမ်းများ နှေးလျက်ရှိနေပေ၏ ။

"ဟဲ့ . . .ခင်လေး . . ဘာလျှောက်ငေးနေတာလဲ၊ မြန်မြန်လျှောက်"

ဒေါ်ရွှေအိမ်က တစ်ချက်လှည့်၍ ငေါက်ငမ်းလိုက်မှပင် ခင်လေး၏ ခြေလှမ်းများ သည် သွက်လျင်၍ လာ၏ ။

♥ ♥ ♥

အိမ်ပေါ်ထပ်ဆီသို့ ဆက်သွယ်ထားသော အဆစ်ချိုး လှေကားကြီးပေါ်သို့ သွက်သွက် ကလေး လိုက်တက်သွားသော ခင်လေးကိုကြည့်ရင်း နောင်လတ်သည် ခေါင်းတရမ်းရမ်းလုပ်နေ၏ ။ ဤသည်ကို ဦးလေး ဖြစ်သူ ကျော်သူရိန်က ကြည့်ကာပြုံး ရင်း သူ့အမိပ္ပာယ်နှင့် သူ ခေါင်း တဆတ် ဆတ် ညိတ်လိုက်သည်။

"နောင်လတ် ဘာလဲကွ၊ မိန်းမဆို စိတ်မဝင်စားဘူး၊ မဝင်စားဘူးနဲ့၊ ဒီတောသူ မခင်ခင် ဆတ်ကလေးကျတော့မှ ခေါင်းတရမ်းရမ်း ဖြစ်နေပါရောလား"

"ဒီအမျိုးသမီးလေးကို တောသူမလေးလို့ လေးလေးကျော် ထင်သလား"

"ငါ ကတော့ ဘာမှမထင်ပါဘူး။ သူ့အဒေါ်ကဘဲ ပြောတာမဟုတ်လား။ သူတို့က တောသူ တောင်သားတွေ ပါလို့"

"အဒေါ်ကြီးက သူ့အဒေါ်လဲ ဟုတ်ဟန် မတူပါဘူး။ ရုပ်ရည်ချင်းလဲ ချိန်စက်ကြည့်ပါဦး။ ကောင်မလေးအသွေးအမွေးက နုနုညက်ညက်နဲ့ တောသူ တောင်သား အဆင့်ထဲ ကတော့ ဘယ်နည်းနဲ့မှ မ ဖြစ်နိုင်ဘူး လေးလေးကျော်၊ ကဲပါလေ သူတို့အကြောင်း

အရေး မကြီးပါဘူး။ လေးလေးကျော် ခရီးဆက်မယ်မဟုတ်လား၊ သိပ်နောက်ကျရင် မကောင်းဘူး”

“ဘာလဲကွ မင်းက လေးလေးကို နင်နေတာလား”

“ဟာဗျာ လေးလေးကလဲ ကျွန်တော် က ဘာကိစ္စနင်ရမှာ လဲ လမ်းမှာ လေးလေးဘဲ ပြောလာတာဘဲ။ ဒီည ဒိုက်ဦးကို မရောက်ရင် မ ဖြစ်ဘူးဆို”

မျက်နှာကြီးတည်သွားသော တူမောင်ကိုကြည့်ကာ ကျော်သူရိန်သည် တဟဲဟဲ ရယ်မော လိုက်မိသည်။

“ကြည်စားတာပါ ငနောင်ရာ၊ စိတ်မကောက်ပါနဲ့၊ ကဲ . . . .လေးလေးကျော် သွားမယ်”

“သဘက်ခါ ရောက်မှာ သေချာတယ်နော် လေးလေး”

“သေချာပါတယ်”

နောင်လတ်သည် ဦးလေး ဖြစ်သူအား ကားဆီသို့ လိုက်ပါပို့ဆောင်၍ နှုတ်ဆက်လိုက်၏ ။

♥ ♥ ♥

လေး။

“ကဲ . . . ခလေးတို့ အိပ်ခန်းက ဒီအခန်းဘဲ၊ ရေချိုးခန်းနဲ့ အိမ်သာလဲ တဆက်ထဲရှိပါတယ်။ ရေမိုးချိုးရင် ချိုးလိုက်ကြ။ ကြီးကြီးဇံ အိပ်ရာခင်းပေးဖို့ စောင်တွေ ခေါင်းအုံးတွေ သွားယူလိုက်ဦး မယ်”

ဒေါ်ငွေဇံ အိပ်ခန်းတွင် းမှ ပြန်လည်ထွက်ခွာသွားသည်နှင့် တစ်ပြိုင်နက်

ဒေါ်ရွှေအိမ်သည် အိပ်ခန်းတံခါးကို ဆွဲပိတ်ကာ မျက်နှာကြီး ရှစ်ခေါက်ချိုး၍ ခင်လေးအား ကြည့်လိုက်တော့သည်။

"တယ်ကောင်း မိရွှေစာ။ ရွာကထွက်တုံး ကတော့ ဒေါ်ရွှေအိမ့်စကား မြေဝယ်မကျနားထောင်ပါ့မယ်ဆို၊ ခုတော့အမိလေးရှေ့က လုပ်သွားတာ ကောင်းသလား"

ခင်းလေသည် လက်ညှိုးထိပ်ကလေးကိုက်ရင်း ပြုံး တုံ့တုံ့ အမူအရာပြုကာ ကိုယ်ကလေး ကို လှုပ်ယိမ်းနေ၏ ။

ပြောလေ ညည်းလေးလုပ်တာ ကောင်းသလားလို့"

"အို . . . ဒေါ်ဒေါ်ရွှေအိမ်ကလဲ ခင်လေး မဟုတ်တာဘာလုပ်လို့လဲလို့"

"အောင်မလေးတော် ညည်းလေးဆတ်ဆော့လို့ ဒီအိမ်ကြီးပေါ်တောင်ရောက်လာနေပြီဘဲ။ ဘာမှန်လာဥလုပ်ရချင်တာလဲ ဟင် . . . မြတ်လှသူသာရှိရင်တော့လား . . .ဟင်း . . .ဟင်း . . ."

ခင်လေး၏ မျက်နှာသည် မိခင်၏ အမည် ကိုကြားလိုက်ရ၍ ညှိုး ကျလာ၏ ။

လှုပ်နေသော ကိုယ်သည်လည်း ရပ်ကာ ငူငူကလေး ဖြစ်လာ၏ ။

"မမှိုက်ချင်စမ်းပါနဲ့ ခင်လေးရယ် . . .ကိုယ့်အမေ တစ်ယောက် လုံး ဆင်းဆင်းရဲရဲနဲ့ ဒုက္ခ ပင်လယ်ဝေပြီး သေခဲ့ရတာ ဘယ်အသိုင်းအဝိုင်းကြောင့် လဲဟင် . . .ဘယ်လို လူတန်းစားမျိုး ကြောင့် လဲ။ ဒီအကြောင်းတွေ ကို ခင်လေးအသိပါ။ ဒေါ်ရွှေအိမ်ထပ်ထပ်ပြီး မပြောပါရစေနဲ့၊ လိမ်မာ စမ်းပါ ခလေးရယ်"

"ခင်လေး . . .ခင်လေး မေမေတို့ ဖေဖေတို့အ ဖြစ်ကို မမေ့ပါဘူး။ ဒေါ်ဒေါ်ရွှေအိမ်ရယ် . . ဒါပေမဲ့ ခင်လေးမသိသေးတဲ့ လောကလူတွေ အကြောင်းတော့ ခင်လေးလေ့လာချင်လှတယ်။ ဒီစိတ်ကို ချိုးနှိမ်မရလို့ ကြုံကြိုက်လာတဲ့ အခွင့်အရေး ကို လက်လွှတ်မခံဘဲ ဒီအိမ်ကြီးပေါ်အထိ လိုက်ခဲ့တာပါ။ ခင်လေးလေ ခင်လေး ကိုယ့်ကိုယ်ကို နိုင်အောင် ထိန်းတတ်ပါတယ်။ ဒီအတွက် မပူ ပါနဲ့ ဒေါ်ဒေါ်ရွှေအိမ်"

“ခင်လေး ဘာပြောပြော မေကျော့ယဉ်လက်ထဲ ခင်လေး ရောက်မှဘဲ ဒေါ်ရွှေအိမ် စိတ်ချနိုင်မယ်။ ဒါဘဲ ရေချိုးပြီးရင် ဒီအိပ်ခန်းထဲကနေ ဘယ်မှ မသွားရတော့ဘူး။ ကဲ . . .ရေချိုးချည် တော့”

ခင်လေးသည် ဆရာ့စကား နာခံတတ်သော ခလေးငယ်တစ်ဦး၏ အမူအရာကလေးဖြင့် ရေချိုးခန်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့၏ ။

“တော် . . . ကိုဖြိုး ”

“ဟ . . . ဘာလဲ အမေကြီးရ”

ဦးစံဖြိုး သည် မီးဖိုဆောင်အနီးတွင် ထင်းခြမ်းခွဲနေရာမှ ဒေါ်ငွေဇံရှိရာသို့ ခပ်သုတ်သုတ် ရောက်ရှိလာ၏ ။

“ဒီမယ် ခြင်ထောင်၊ ခေါင်းအုံးတွေ ထုတ်ဖို့ ကျုပ်ကို ကူအုံး”

ဒေါ်ငွေဇံသည် ဦးစံဖြိုး ၏ အကူအညီဖြင့် ထပ်တင်ထားသော ထင်းရှူး သေတ္တာကြီးများ ကို ချကာ အတွင်း းမှ အခင်း စောင် ခေါင်းအုံး၊ ခြင်ထောင် စသည်တို့ကို ထုတ်ယူလိုက်၏ ။

“ဘယ်ကဟာတွေ လဲတော့ စုတ်စုတ်ပြတ်ပြတ်နဲ့”

“ဘယ်သိမှာ လဲ ငွေဇံရ၊ နောင်နောင်ပြောတော့ သူ့မိတ်ဆွေတွေ ဆိုလားဘဲ”

“အင် . . .ရွှေရွှေခရီးထွက်တာနဲ့ ငနောင်လဲ ထင်ရာတွေ ကျဲလာပြီထင်တယ်”

“ဒီမှာ ငွေဇံ ဘာမှထင်ကြေးတွေ ပေးမနေနဲ့၊ သူခိုင်းတာလုပ် ဉည့်ဝတ်ကျေအောင်သာ ပြုစု၊ ဒီအိမ်ကြီးမှာ ဗိုလ်ဝတ္တရားက ဒါဘဲ မဟုတ်လား”

ဒေါ်ငွေဇံသည် နှုတ်ဆိတ်သွားတော့၏ ။

“ကဲ . . . ကဲ အိပ်ရာတွေ ပြင်ပေးလိုက် ၊ ကျုပ်ထမင်းအိုး တည်ထားနှင့် မယ်”

ပြောပြောဆိုဆို ဦးစံဖြိုး သည် မီးဖိုဆောင်ဘက်သို့ ထွက်ခွာသွား၏ ။

သည့်တော့ ဒေါ်ငွေဇံ လည်း ခြင်ထောင်၊ ခေါင်းအုံး၊ စောင် စသည်တို့ကို တပွေ့တပိုက်ကြီးဖြင့် အပေါ်ထပ်သို့ တက်ခဲ့ရ တော့၏ ။

"အို . . . အားနာစရာကြီးတော့ ဖြစ်ကုန်ပါပြီ။ ကျွန်မတို့အတွက် ဒီလောက် မလိုပါဘူး။ ဖျာတစ်ချပ်၊ ခေါင်းအုံးတစ်လုံးရှိရင် ဖြစ်ပါတယ်"

ဒေါ်ရွှေအိမ်သည် အမေကြီးလက်မှာ မနိုင်မနင်း ဖြစ်နေသော ကြောင့် ခြင်ထောင် ခေါင်းအုံး စသည်များ ကို လှမ်းဆီး၍ ယူရင်း အားတုံ့အားနာ ရှိလှဟန်ပြုနေ၏ ။

"အားမနာပါနဲ့၊ သီရိမြိုင်ကို ရောက်လာတဲ့ ဧည့်သည်မှန်သမျှကို စိမ်းစိမ်းကျက်ကျက် ကြီးကြီးဇံတို့က ဧည့်ဝတ်ကြေအောင် ပြုစုရတယ်။ နေနေ ကြီးကြီးဇံဘာသာ ခင်းပေးမယ်"

အိပ်ခန်းထဲတွင် အသင့်ရှိနေသော သံကုတင်နှစ် လုံးပေါ်ရှိ လိပ်တင်ထားသော မွေ့ရာနှစ် ခု ကို ဖြည့်ချလိုက်ပြီး ဒေါ်ငွေဇံသည် အိပ်ရာကို ခင်းကျင်းနေ၏ ။

သည့်အခိုက်အတန့်မှာ ဘဲ ခင်လေးသည် အမွေးပွမျက်နှာသုတ်ပုဝါကြီးတစ်ထည်ကို သူ့ ကိုယ်တွင် ခြုံကာ အိပ်ခန်းထဲသို့ ပြန်လည်ရောက်ရှိလာ၏ ။

"ရေချိုးလို့ ကောင်းလိုက်တာ ဒေါ်ဒေါ်ရွှေအိမ်ရယ် . . . လူကို လန်းသွားတာပဲ"

ဒေါ်ရွှေအိမ်သည် ရေစို၍ ဝင်းနေသော ခင်လေး၏ မျက်နှာလှလှကလေးကို အငေးသား ကြည့်ရင်း ရင်ထဲတွင် ကြိတ်၍ မှတ်ချက်ချမိနေ၏ ။

"ခင်လေးရယ် . . .ညီလေးက လှလိုက်တာလွန်ပါရော၊ ငါတို့နဲ့ မတူတဲ့ ညည်းအသွေးအမွေး ကလေးကိုဘယ်လိုမှ မလျှို့ ဝှက်နိုင်ပါဘူးအေ။ မ ဖြစ်ဘူး . . .မ ဖြစ်ဘူး။ မနက်ကို စောစောထ ပြန်မှ ဒီမှာ တစ်ရက်ဆက်နေရင် တစ်ရက်ပြဿ နာကို လက်ယပ်ခေါ်နေသလို ဖြစ်မှာ ဘဲ။ ငါမြတ်လှသူကို ပေးထားတဲ့ ဂတိအတိုင်း ဒင်းကလေးကိုတော့ ကြပ်ကြပ်မတ်မတ်ကိုထိန်းရမှာ ဘဲ။ ဒါမှလဲ သွားလေသူကို ပေးထားတဲ့

ဂတိကို ငါမဖျက်ရာကျမယ်”

“ဒေါ်ဒေါ်ရွှေအိမ် သွား ရေချိုးတော့လေ”

‘အော် အေး . . . အေး . . .’

ဒေါ်ရွှေအိမ်သည် အတွေ းနယ်ချဲ့နေရာမှ ခင်လေး၏ သတိပေးမှု ကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်လာ၏ ။

“ဒီမယ် အိပ်ရာခင်းပြီးပြီ”

“ဟုတ်ကဲ့ . . . ကြီးကြီးဇံ ကျေးဇူးတင်ပါတယ်”

ခင်လေးက ရည်မွန်စွာ ခွန်းတုန့်ပြန်၏ ။

“ညနေ ခြောက်နာရီတိတိမှာ ထမင်းစားဖို့ ဆင်းခဲ့ကြနော်။ ဒီအိမ်မှာ တစ်အိမ်သားလုံး ဧည့်သည်ပါမကျန် တစ်ပြိုင်တည်း စားတဲ့အလေ့အကျင့်ရှိတယ်ကွဲ့.”

“ဟုတ်ကဲ့ပါ ကြီးကြီး”

“တခြား ဘာများ လိုသေးလဲ ခလေးမ”

“အားလုံး ပြည့်စုံပါပြီရှင်”

ဒေါ်ငွေဇံသည် သူဆောင်ရွက်ရမည့် ကိစ္စအဝဝ ဆောင်ရွက်ပြီးသည်နှင့် တစ်ပြိုင်နက် ခင်လေးတို့အိပ်ခန်းဆီမှ ပြန်လည်ထွက်ခွာသွား၏ ။

“ခင်လေး”

“ရှင်”

ခင်လေးသည် သူ၏ ရှမ်းလွယ်အိတ် အနွမ်းလေးထဲမှ . . .တစ်စုံတည်းသာရှိသော သရက် ထည် ထမီအနီပေါ်တွင် အဖြူပွင့်ကလေးနှင့် အိန္ဒိယပိုင် အင်္ကျီလက်ရှည်ကလေးကို တယုတယ ဆွဲထုတ်ယူငင်နေရာမှ ဒေါ်ရွှေအိမ်၏ မျက်နှာကို မော်ကြည့်လိုက်သည်။

“ဒီအိမ်ကြီးမှာ ဘာထုံးစံဘဲရှိရှိ၊ ဘာအလေ့အကျင့်ဘဲရှိရှိ၊ ညည်း အောက်မှာ သွားပြီး ထမင်း မစားရဘူး။ ဒေါ်ရွှေအိမ်လဲ မစားဘူး။ ထမင်းကို ဒို့အပေါ်ထပ်မှာ ယူစားမယ်”

“ဟင် . . ဘာ ဖြစ်လို့လဲ ဒေါ်ဒေါ်ရွှေအိမ်”

ခင်လေးမှာ အံ့အားသင့်သွားရှာ၏ ။

“အားလုံး လက်ဆုံစားရတဲ့ အစဉ်အလာ ရှိတယ်ဆိုရင် ဟိုသူငယ်လဲ ထမင်းစားပွဲမှာ ရှိနေ မှာ ဘဲ။ ညည်းကို မြင်ပါများ လို့ မ ဖြစ်ဘူး ခင်လေး”

“အော် . . . ဒေါ်ဒေါ်ရွှေအိမ်ရယ်”

ခင်လေးသည် ထိုမျှသာ ညည်းတွားလိုက်ရှာ၏ ။

♥ ♥ ♥

“အောင်မလေး . . . အောင်မလေး ခင်လေးရေ လာပါဦး”

“ဟင် . . . ဒေါ်ဒေါ်ရွှေအိမ်၊ အို . . . ဒေါ်ဒေါ်ရွှေအိမ် ဘာ ဖြစ်တာလဲ”

နာနာကျည်းကျည်း အော်ခေါ်သံကြောင့် ရေချိုးခန်းထဲသို့ ရောက်ရှိလာသော ခင်လေး သည် ရေကန်ဘောင်ကို ကုပ်တွယ်၍ မျက်နှာကြီးရှုံ့မဲ့နေသော ဒေါ်ရွှေအိမ်ကို တွေ့လိုက်ရပေ၏ ။

ရင်ထဲတွင် ထိပ်ပြာသွားမိသည်။

သူကလေးသည် လေအလျင်ကဲ့သို့ လည်း ဒေါ်ရွှေအိမ် အနီးသို့ ရောက်ရှိခဲ့ပါ၏ ။

“ဒေါ်ဒေါ်ရွှေအိမ်”

“ခင်လေး . . . အောင်မလေး ရေခပ်မယ်လုပ်လိုက်တော့ ဒီထဲက နာလိုက်တာ။ နံရိုးများ ကျိုးနေသလား မသိပါဘူး”

ဒေါ်ရွှေအိမ်သည် သူ၏ ဘယ်ဘက်ခြမ်းနံရိုးများ ဆီသို့ ပြရင်း အထိမခံနိုင်ဟန်ရှိနေ၏ ။

"အို . . .ဒုက္ခပါဘဲ ဒေါ်ဒေါ်ရွှေအိမ်ရယ် . . .ခင်လေး ဘာလုပ်ပေးရမလဲဟင် . . . လာလာ ရေမချိုးနဲ့တော့ ကုတင်ဆီကို သွားကြရအောင်နော်"

ခင်လေးသည် ဒေါ်ရွှေအိမ်အတွက် စိုးရိမ်ကြောင့်ကြ ဖြစ်ကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရှာ၏ ။

"ဖြေးဖြေးလုပ် ဒေါ်ဒေါ်ရွှေအိမ် . . . ဖြေးဖြေးလုပ်"

ဒေါ်ရွှေအိမ်သည် နာကျင်နေသော နံရိုးနေရာကို အသာဖိရင်း သူ့နှုတ်ခမ်းသားများ ကို ကိုက်ထားလို့နေ၏ ။

"ဒေါ်ဒေါ်ရွှေအိမ် သိပ်နာနေသလားဟင်"

"အင်း . . . နာတယ်။ မဟုတ်မှလွဲရော ခုနက ကားထဲမှာ အထိနာခဲ့တာဘဲ ဖြစ်မယ်။ အို . . .ကျွတ် ကျွတ် ကျွတ်"

"ဒေါ်ဒေါ်ရွှေအိမ် . . . ဒေါ်ဒေါ်ရွှေအိမ်"

ခင်လေးမှာ ပျာယာခတ်သွား၏ ။

သူ့ရင်ထဲတွင် ဒေါ်ရွှေအိမ်အတွက် သော ကစိတ်သည် ပြည့်သိပ်လှုံ့တက်၍ နေ၏ ။

ဖေဖေ၊ မေမေ တို့ မျက်ကွယ်ပြုသွားကြသည့်နောက်ပိုင်းတွင် တစ်ကမ္ဘာလုံးတွင် တစ်ယောက် တည်းသာ သူ၏ အားကိုးရသည် ဒေါ်ရွှေအိမ်သာ ဖြစ်၏ ။

အကယ်၍ သာ ဒေါ်ရွှေအိမ် တစ်ယောက် တစ်စုံတစ်ခုသာ ဖြစ်သွားမည် ဆိုလျှင် . . .

"အောင်မလေး . . . မ ဖြစ်ဘူး၊ မ ဖြစ်ဘူး။ ဟို အစ်ကိုယ့်ကိုဘဲ ပြေးပြောရမှာ ဘဲ"

ခင်လေးသည် မတွေးဝံ့သော အကြောင်းကို ဖွတ်မိုတ်ဖြတ်တောက်ပစ်ကာ အိပ်ခန်းအတွင်း မှ ချာကနဲ လှည့်ပြေးရာတော့၏ ။

"ခင်လေး . . . ခင်လေး လာခဲ့၊ ခဏနေရင် ဒေါ်ရွှေအိမ် ကောင်းသွားမှာ ပါ။ ဘယ်သူ့ကိုမှ မခေါ်ပါနဲ့။ မသွားနဲ့လို့ဆိုနေ"

ဒေါ်ရွှေအိမ်၏ တားမြစ်ချက် တစ်ဝက်တပျက် ကြားလျက်နှင့် ပင် ခင်လေးသည် အောက်ထပ်ဆီသို့ ကသော ကမြော ရောက်ခဲ့၏ ။

"ဟဲ့ . . .ဟဲ့ ခလေးမ ဘာ ဖြစ်တာလဲ"

စိုးရွံ့ထိတ်လန့်ခြင်း ရောယှက်နေသော ခင်လေး၏ မျက်နှာကို တွေ့လိုက်ရလျှင် ဒေါ်ရွှေဇံ ပင်လျှင် ရင်ထိတ်သွားမိ၏ ။

"ဟို . . . ဟို အစ်ကို မရှိဘူးလားဟင်။ ဒေါ်ဒေါ်ရွှေအိမ် သိပ်နေမကောင်း ဖြစ်နေလို့ပါ"

"ဟင် . . . ခုနက အကောင်းပါလား"

ဒေါ်ငွေဇံ၏ မျက်နှာပေါ်တွင် မယုံတဝက် ယုံတဝက်နှင့် အံ့သြခြင်းလည်း စွက်ဖက်၍ နေ၏ ။

"ဟုတ်ပါတယ် . . . ခုနက အကောင်းပါ။ ခုမှ ရေချိုးမယ်လုပ်ရင်း ဖြစ်လာတာပါ။ ကူပါဦး ကြီးကြီးဇံရယ်။ သူတစ်ခုခု ဖြစ်သွားမှာ ကို ခင်လေး သိပ်စိုးရိမ်မိတာဘဲ"

ခင်လေးခမျာ အသံများ တုန်ယင်နေသကဲ့သို့ နှုတ်ခမ်းလွှာကလေးများလည်း တုန်နေရှာ၏ ။

"နေအုံး . . . နေအုံး ၊ နောင်နောင်တော့မရှိဘူး။ အပြင်ခဏထွက်သွားတယ်။ အိမ်က အဖိုး ကြီးဘဲ ဆရာအပင့်ခိုင်းလိုက်မယ်။ တော် . . . ကိုဖြိုး . . .ကိုဖြိုး ရေ"

ခင်လေးသည် ယောက် ယက်ခတ်သော စိတ်ဖြင့် အပေါ်ထပ်ဆီသို့ အပြေးကလေး တက်ခဲ့ မိပြန်၏ ။

ဒေါ်ရွှေအိမ်သည် မျက်စိကိုစုံမှိတ်ကာ တအင်အင် ညည်းနေရှာ၏ ။

"ဒေါ်ဒေါ်ရွှေအိမ်"

"ခင်လေး"

"နေသာရဲ့ လားဟင်။ ဆေးရုံတွေ ဘာတွေ များ တက်နေရဦးမလား ဒေါ်ရွှေအိမ်ရယ်"

"အို . . . မဟုတ်တာ၊ မတက်ဘူး။ ဘယ်နည်းနဲ့မှ မတက်ဘူး။ ခင်လေးကို မကျော့ယင်၌ ဆီပို့ပြီးမှ ဒေါ်ရွှေအိမ် ဘာ ဖြစ် ဖြစ် အကြောင်းမဟုတ်ဘူး။ ဒီမှာ အချိန်တွေ ကြာနေလို့ ဘယ်နည်းနဲ့မှ မ ဖြစ်ဘူး ခင်လေး။ မမည္ဆနို့ အခြေနေကိုလဲ ဒေါ်ရွှေအိမ် သိချင်လှပြီ"

"အော် . . ဒေါ်ဒေါ်ရွှေအိမ် ရယ်၊ ခင်လေးအတွက် ပူတတ်ရန်ကော"

"ပူရမယ် ခင်လေး ပူရမယ်။ ခင်လေးကို ဒေါ်ရွှေအိမ် ဝမ်းနဲ့လွယ်မမွေးခဲ့တာကလွဲလို့ ဒေါ်ရွှေအိမ့်လက်ပေါ်မှာ မင်းကြီးခဲ့တာပါ။ မင်းဟာ ဒေါ်ရွှေအိမ်ရင်မှာ ဖြစ်တဲ့ သမီးပါ။ ခင်လေးဘဝ မှာ ဘာမှအစွန်းအထင်းမ ဖြစ်စေချင်တာက ဒေါ်ရွှေအိမ်ရဲ့ ဆန္ဒနဲ့ မင်းမေမေရဲ့ ဆန္ဒပါ။ မြတ်လှသူ ကို ပေးခဲ့တဲ့ ဂတိတည်စေဖို့ မင်းလေးအတွက် ဒေါ်ရွှေအိမ် ရင်ပူနေရာဘဲ . . .ခင်လေး"

ဒေါ်ရွှေအိမ်၏ ရှေ့ဆက်မည့် စကားများ သည် အိပ်ခန်းတွင် းသို့ သုတ်သီးသုတ်ပြာဝင်လာ သော ဒေါ်ငွေဖုံကို တွေ ့လိုက်ရသဖြင့် ပြတ်တောက်သွားတော့၏ ။

ခင်လေးသည် ဒေါ်ရွှေအိမ်၏ လက်ကောက်ဝတ် တစ်ဖက်ကို အသာဖျစ်ညှစ်ဆုပ်ကိုင်ရင်း ပင့်သက်တစ်ချက် ရှိုက်လိုက်ရှာ၏ ။

"ဘာ ဖြစ်တာလဲဟင်။ ဘယ်လို ဖြစ်တာလဲ။ ကြီးကြီးဖုံတော့ ဆရာအပင့်ခိုင်းလိုက်ပြီ"

"မသိပါဘူးရှင်။ နံရိုးထဲက တအားနာနေတာဘဲ။ ကျွန်မတော့ ကားထဲမှာ

ဝရန်းသုန်းကား ဖြစ်တုန်း ဒဏ်ရာရခဲ့တာလို့ ထင်တာဘဲ”

ဒေါ်ရွှေအိမ်သည် နာနေသော နံရိုးကို အသာဖိရင်း ရှုံ့ရှုံ့မဲ့မဲ့ကြီး ပြောနေ၏ ။

“ ဖြစ်မှ ဖြစ်ရလေ၊ အသာငြိမ်ငြိမ်နေ။ ဆရာကြီး လာရင် သက်သာသွားမှာ ပါ။ ဒို့သမား တော် ကြီးက သိပ်စွမ်းတာ”

♥ ♥ ♥

မကြာမီ ဦးစံဖြိုး နှင့် အတူ ဒေါက်တာဦးဖေသော် သီရိမြိုင်သို့ ရောက်ရှိလာ၏ ။

ဖြစ်ပျက်ပုံအလုံးစုံကို မေးမြန်းပြီး သူသည် ဒေါ်ရွှေအိမ်အား အသေအချာစစ်ဆေးမှု ပြုလုပ် ၏ ။

“နံရိုးတွေ များ ကျိုးသွားလား ဆရာကြီးရယ်”

စိုးရွံ့မှု တွေ အထင်းသားဖြင့် မေးလာသော ဒေါ်ရွှေအိမ်အား ဆရာဝန်ကြီးက ဦးခေါင်းကို ခါပြလိုက်၏ ။

“မစိုးရိမ်ပါနဲ့၊ အရိုးတစ်ချောင်းမှ မကျိုးပါဘူး။ ဒါပေမဲ့ ကားထဲမှာ ထိမိခိုက်မိသွားတဲ့ ဒဏ် ကြောင့် နာနေတာပါ။ ကောင်းသွားမှာ ပါလေ။ ကျု ပ်ဆေးထိုးပေးခဲ့မယ်။ သောက်ဆေးနဲ့ လူးဆေးလဲ ပေးခဲ့မယ် . . . ဟုတ်ပြီလား”

“ဟုတ်ကဲ့ပါဆရာ . . . ကျေးဇူးကြီးလှပါတယ်”

“အောင်မယ်လေး . . . ကျွတ် ကျွတ် ကျွတ် နာလိုက်တာ ဆရာကြီးရယ်”

“ကျုပ်အပ်က သေးသေးလေးပါဗျ၊ ပုရွက်ဆိတ် ကိုက်သလောက်ဘဲ နာတာပါ”

ဆေးထိုးတာကလေးကိုမျှပင် မခံနိုင်အောင် ဖြစ်နေသော ဒေါ်ရွှေအိမ်ကိုကြည့်ကာ ခင်လေး သည် မပြုံး ဘဲမနေနိုင်အောင် ဖြစ်သွား၏ ။

"ရော့ . . . ဟောဒါ သောက်ဆေး၊ ခုတစ်လုံးသောက်၊ ညတစ်လုံးသောက်၊ မနက်စောစော တစ်လုံးသောက်၊ ရော့ . . . ဒါ ကတော့ လူးဆေး၊ ဒါကို နံ့ရိုးတစ်ခြမ်းလုံးမှာ လူးပြီး နွေးနွေးနေအောင် အဝတ်ထူထူပွပွနဲ့ ပတ်ထား၊ ဒီညတော့ အိပ်ရာထဲမှာ ဘဲ လုံးဝအနားယူရမယ်။ လုံးလုံး မထရဘူး။ မှတ်မိပြီနော်"

"ဟုတ်ကဲ့"

ဆရာဝန်ကြီး ဆေးအိတ်သိမ်းနေစဉ် ခင်လေးသည် တသက်လုံး ကုပ်ကပ်စုကာမှ တဆယ် ကျော်သာ ရှိသော အသပြာကလေးကို သူ၏ လွယ်အိတ်အတွင်း းမှ ထုတ်ယူလိုက်ရှာ၏ ။

"ကဲ ကျုပ်သွားမယ်၊ မသက်သာရင် မနက်ဖန် ဆေးဆက်ထိုးတာပေါ့"

"ဆရာကြီး . . ဟို . . . ဆေးဖိုးဝါးခလေး"

ခင်လေးသည် ဆေးအိတ်ကို ကောက်ကိုင်၍ လှည့်ထွက်မည် ပြုသည့် ဆရာဝန်ကြီး၏ အနီး သို့ အပြေးကလေး ချဉ်းကပ်လာပြီး လက်ကလေးနှစ် ဖက်ဖြင့် ရှိရှိသမျှ အသပြာကို ထိုးပေး၍ နေ၏ ။

ဆရာဝန်ကြီးက ဒေါ်ငွေဇံ၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။

ဒေါ်ငွေဇံက ပြုံး ၍ ခင်လေး၏ လက်ကို အသာဘေးသို့ ဖယ်လိုက်သည်။

"ခလေးမ ပေးစရာမလိုပါဘူး . . .။ သီရိမြို့ငမှာ ဌေးသည်စောင်သည်အတွက် ဆောင်ရွက် ရမယ်ဝတ္တရားမှန်သမျှ အိမ့်ရှင်ကဘဲ ဆောင်ရွက်ပေးတဲ့ အစဉ်အလာ ရှိတယ်"

"ရှင် . . ."

ခင်လေးမှာ ဆယ်တန်တစ်ရွက်နှင့် အကြွေတချို့ကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း အိပ်ခန်း လည်တွင် ငေးမောကျန်ရစ်ခဲ့ရှာ၏ ။

"ခင်လေး"

"ဟင် . . ."

"အားနာစရာတော့ အမှန်ဘဲ။ ဒါပေမဲ့ သူတို့မှာ အစဉ်အလာရှိတယ်ဆိုတော့လဲ ဘာတတ် နိုင်မှာ လဲ၊ ကဲ ကဲ ပိုက်ဆံပြန်သိမ်းပြီး ဒေါ်ရွှေအိမ့်ကို ဆေးတိုက်ပါဦး"

"ဟုတ် . . .ဟုတ်ကဲ့"

ခင်လေးသည် ပိုက်ဆံကို တရိုတသေ သိမ်းဆည်းလိုက်ပြီး ဒေါ်ရွှေအိမ့်အား ဆေးတိုက် လိုက်၏ ။

"အင်း . . . တစ်နည်းတော့ ဒီလို ဖြစ်တာ ဟန်ကျတာဘဲ . . .။ နို့မဟုတ်ရင် ဒီအိပ်ခန်းထဲ ထမင်းယူစားဖို့ အကြောင်းပြစရာအရှာရခက်နေဦးမှာ . . .ခုတော့ ဟန်ကျသွားပြီ"

ဒေါ်ရွှေအိမ်မှာ သူ့အတွေးနှင့် သူတော့ ဘဝင်ခိုက်၍ နေ၏ ။

ခင်လေး ကတော့ စိတ်လက်မသက်မသာ ရှိလှဟန်ကလေးဖြင့် ဒေါ်ရွှေအိမ်၏ မျက်နှာကို ခပ်ငေးငေးကလေးသာ ကြည့်နေမိ၏ ။

နာရီဝက်ခန့်ကြာလျှင် ဆရာဝန်ကြီး ထိုးသွားသော ဆေးတန်ခိုးက ပြလာသည်ထင့်၊ ဒေါ်ရွှေ အိမ်သည် တဝါးဝါးသန်း၍ ငိုက်မြည်း၍ ကျလာသည်။

ကြည့်ရင်း ကြည့်ရင်း မျက်စေ့အောက်တွင် ပင် ဒေါ်ရွှေအိမ်သည် တရှူး ရှူး အသံပြု၍ အိပ်မောကျသွားသဖြင့် ခင်လေးလည်း အညောင်းအညာဆန့်ရန် ထရပ်လိုက်သည်။

ခင်လေးသည် အိပ်ခန်း၏ ပြူတင်းပေါက်တစ်ခုဆီသို့ ချဉ်းကပ်ကာ အပြင်လောကထဲသို့ ကြည့်ရှု သုံးသပ်မိလိုက်သည်တွင် ကျနေ၏ ရောင် ပြန်အောက်တွင် လှပစိမ်းစိုနေသော သီရိမြိုင် ခြံဝင်းကြီးကို တွေ့ရှိလိုက်ရ၏ ။

သဘာဝအလှကို မျက်စေ့အရသာခံစားရင်းက သူကလေး၏ ရင်တွင် ကြည်နူးနှစ်သက် မှု များ ဖြစ်ထွန်းခံစား၍ လာရ၏ ။

“ကောင်းလိုက်တဲ့ အိမ်၊ ကောင်းလိုက်တဲ့ ခြံကြီး။ တစ်ချိန်တုန်းက မေမေတို့ နေခဲ့ စံခဲ့ရတာ လဲ ဒီလိုအိမ်ကြီးမျိုးဘဲ ဖြစ်မှာ ဘဲ။ ဒီလိုအိမ်ကြီးမျိုးမှာ ငါနေခွင့်မရခဲ့ပေမယ့် ကြုံတောင့်ကြုံခဲ ရောက်လာတဲ့ အခိုက်အတန့်မှာ တော့ သိဘူး မြင်ဘူး တွေ့ဘူးရှိအောင် ငါလေ့လာသင့်တာပေ့ါ။ ဟုတ်တယ် . . . ဒီလိုအိမ်၊ ဒီလို အိမ်ရှင်မျိုးကို ငါ လေ့လာစူးစမ်းသင့်တာ အမှန်ဘဲ။ အင်းလေ . . . ဒေါ်ရွှေအိမ်ကိုလဲ အပြစ်မဆိုသာပါဘူး။ သူက မေမေရဲ့ ဘဝကို ငါ့ထက်ပိုသိခဲ့တဲ့ လူဘဲကိုး။ ဒါပေမဲ့ တစ်ရက်တစ်လေလေး ငါစူးစမ်းစပ်စုမှု ပြုတာနဲ့ ငါ့ဘဝကြီး ဘာမှတော့ ဖြစ်မသွားနိုင်ပါဘူး။

ဒီနေ့လွန်လို့ နက်ဖြန်ရောက်ရင် ဒီအသိုင်းအဝိုင်း ဒီအိမ်ကြီးမျိုးဟာ ငါနဲ့လုံးဝကင်းကွာသွား တော့မဲ့ဟာဘဲ။ ကြည့်စမ်း . . . သူ နှစ် နှစ် ခြိုက်ခြိုက် အိပ်နေလိုက်တာ . . .။ သူ အိပ်တာကို ငါ ငုတ်တုတ်ထိုင်ကြည့်နေမဲ့အစား ငါမသိဘူး မမြင်ဘူးတာတွေ လေ့လာရတာ က ပိုအကျိုးရှိဦးမယ်။ အို . . . ပြောနေကြာပါတယ်လေ. . . အောက်ထပ်မှာ ထမင်းဆင်းစားရင်း တစ်အိမ်လုံးနှံ့အောင် ငါ လိုက်ကြည့်ဦးမယ်”

ခင်လေးသည် ဆုံးဖြတ်ချက် ချပြီးသည်နှင့် တပြိုင်နက် ပြတင်းပေါက်မှ ခွာကာ အဝတ် အစားကို ကပျာကသီ လဲလှယ်လိုက်၏ ။

ဒေါ်ရွှေအိမ် တစ်ယောက် ခြစ်ခြစ်ကုတ်ကုတ် စုဆောင်း၍ ချုပ်ပေးခဲ့သော သရက်ထည် ထမီအနီကလေးနှင့် ဝိုင်အင်္ကျီလက်ရှည်ကလေးသည် အချိုးအဆစ်ပြေပြစ်သော ခင်လေး၏ ကိုယ်လုံးလေးပေါ်တွင် သားနား၍ နေ၏ ။

ခင်လေးသည် ကျိုးကျိုးကျဲကျဲ ဖြစ်နေသော မျက်နှာပေါ်မှ သနပ်ခါးများ ကို ညီအောင် ခြစ်လိုက်ပြီး နက်မှော င် ရှည်လျားသော ဆံပင်ကို တပတ်လျှိုကလေး ထုံးဖွဲ့လိုက်၏ ။

ကြေးမုံပြင်တွင် ခင်လေး၏ ရိုးရိုးယဉ်ယဉ် အလှကလေးသည် ထင်ဟပ်၍ လာ၏ ။

ခင်လေးသည် အချိန်ကို များ စွာ မဖြုန်းဘဲ အိပ်ခန်းတံခါးကို အသာစေ့ခဲ့ပြီး

လစ်ထွက်ခဲ့၏ ။

♥ ♥ ♥

# ငါး

ကျေးငှက်သာရကာ ကလေးများ အိပ်တန်းတက်ချိန်တွင် ခင်လေး တစ်ယောက်၏ အသွင် မှာ တော့ အရုဏ်ဦး အိပ်တန်းမှနိုးစ ငှက်တစ်ကောင်ပမာ မြူး ထူး၍ နေ၏ ။

သူသည် အုပ်အုပ်ဆိုင်းဆိုင်း ရှိလှသော သစ်ကြီးဝါးကြီးပင်များ လှပစွာ အစီအရီဖူးပွင့်နေ ကြသည့် ပန်းမာလာများ လွှမ်းနေသည့် သီရိမြိုင် ခြံဝင်းကြီးထဲတွင် အချုပ်အချယ် အနှောင်အဖွဲ့မှ ကင်းလွတ်နေသော ခလေးငယ်တစ်ဦးကဲ့သို့ မြူး ထူးပျော်ရွှင်၍ နေ၏ ။

"အို . . . ပျော်စရာကောင်းလိုက်တာ . . . အေးချမ်းမှု ရှိလိုက်တာ၊ ငါ့ကိုယ်ငါ နတ်ပြည် ရောက်နေသလိုဘဲ ထင်မိတယ်။ ဒါပေမဲ့ ဒေါ်ဒေါ်ရွှေအိမ် ပြောပုံအရတော့ နတ်ပြည်ဆိုတာ ဒီထက် ပိုပြီး ပျော်စရာကောင်းမှာ ဘဲ ထင်ပါရဲ့ "

ခင်လေးသည် နေလုံးနီနီကြီး စုန်းစုန်းမြုပ် ပျောက်ကွယ်သွားချိန်အထိ ခြံဝင်းကြီးထဲတွင် မမောတန်း လျှောက်လိုက်ဒါန်းစီးလိုက် လုပ်နေမိ၏ ။

တစတစနှင့် မှော င်ရည်ပျိုးလာသည်နှင့် အမျှတစာစာတည့်ည့်အော်မြည် နေသော အိပ်တန်းတက် ငှက်ငယ်တို့၏ အသံသည်လည်း ချုပ်ငြိမ်းစ ပြု၍ လာ၏ ။

ပတ်ဝန်းကျင်တွင် လူလုံးမကွဲအောင် အမှော င်သန်းလာခါမှ ခင်လေးသည် အိမ်ကြီး၏ ဆင်ဝင်အောက်သို့ ပြန်လှည့်လျှောက်ခဲ့မိ၏ ။

သူသည် ဆင်ဝင်အောက်တွင် ဆိုက်ကပ်နေပြီ ဖြစ်သော လင့်ရှိဗာကားတစ်စင်းကို တွေ့ လိုက်ရ၏ ။

"ဧည့်သည်တွေ များ ရောက်နေရော့သလား"

ရင်ထဲတွင် စိုးထိတ်စွာ ဖြင့် သူသည် ဧည့်ခန်းထဲသို့ လှမ်းဝင်လိုက်မိ၏ ။ ဤတွင်

ဧည့်ခန်း ကို ကျောပေးရပ်၍ စီးကရက်သောက်နေသော နောင်လတ်ကို တစ်ခုသော ပြတင်းပေါက်အနီးတွင် တွေ့ရှိလိုက်ရသည်။

ရုပ်ကနဲ မြည် သွားသော သူ့ခြေသံသည် နောင်လတ်၏ ကိုယ်လုံးကြီးကို သူ့ဘက်ချာကနဲ လှည့်လာစေ၏ ။

"အော် မင်းကိုး"

ခင်လေးသည် ဧည့်ခန်းအလယ်တွင် တောင့်တောင့်ကလေး ရပ်သွား၏ ။

နောင်လတ်သည် လက်ထဲမှ စီးကရက်၏ ပြာကို တောက်ထုတ်ပြီး နက်မှောင်စူးရှသော မျက်လုံးများ ဖြင့် ပြုံးလည်းမပြုံး ရယ်လည်း မရယ်ဘဲ ခင်လေးကို ခေတ္တမျှ စိုက်ကြည့်နေ၏ ။

ခင်လေး အနေရခက်ချေပြီ။

ရှိုး တိုးရှန့်တန့် မျက်နှာကလေး မထားတတ်အောင် ဖြစ်တော့မှ နောင်လတ်သည် မိမိ အကြည့်ရိုင်းသွားသည်ကို သတိပြုမိကာ ချောင်းတစ်ချက်ဟန့်၍ မျက်စိကိုလွှဲ၍ စကားစလိုက်၏ ။

"မင်းအဒေါ်ကြီး နေမကောင်းလို့ဆို"

"ဟုတ် . . . ဟုတ်ကဲ့"

"ဒေါက်တာက ဘာမှစိုးရိမ်စရာမရှိဘူးလို့ ကြီးကြီးဇံကို ပြောသွားတယ်"

"ဟုတ်ကဲ့"

"ဒါပေမဲ့ ချက်ခြင်းခရီးပြန်မထွက်ရင်တော့ ကောင်းမယ်ထင်တယ်။ ဒီမှာ တည်းခိုရတဲ့ အတွက် ဘာမှ အားနာစရာမရှိပါဘူး"

"ဟုတ်ကဲ့ ခင် . . .ခင်လေး ဒေါ်ဒေါ်ရွှေအိမ်ကို ပြောလိုက်ပါ့မယ်"

"ထိုင်အုံးလေ ကြီးကြီးဇံ ထမင်းပွဲပြင်နေပြီ"

ခင်လေးသည် သူနှင့် မလှမ်းမကမ်းတွင် ရှိနေသော ကုလားထိုင်ဆီသို့ ချဉ်းကပ်ကာ မရဲ တရဲကလေးဝင်ထိုင်းလိုက်၏ ။

ကုလားထိုင်တွင် တောင့်တောင့်ကလေး ထိုင်နေသော ခင်လေး၏ အသွင်သည် ကျောက်ဆစ်ရုပ်ကလေး တစ်ရုပ်အလားပင်။

"မင်း ခုနက ဒြံထဲဆင်း လမ်းလျှောက်တာလား"

နောင်လတ်သည် လက်ထဲက စီးကရက်တိုကို ပြာခွက်ထဲသို့ တိုးချေရင်း စကားစလိုက်ပြန် ၏ ။

"ဟုတ်ကဲ့"

နောင်လတ် တစ်ယောက် နောက်ဆက်ရန် စကားရှာမရ ဖြစ်နေမိစဉ် ဒေါ်ငွေဇံသည် ဧည့်ခန်း ထဲသို့ ရောက်ရှိလာ၏ ။

"ထမင်းပွဲ အသင့် ဖြစ်ပြီနောင်နောင်"

"ကဲ . . .လာ . . . ထမင်းစားကြရအောင်"

ခင်လေးသည် ရှေ့ကဦးဆောင်၍ ထွက်ခွာသွားသော နောင်လတ်နောက်သို့ မဝံ့မရဲလေး ထ၍ လိုက်ခဲ့၏ ။

စားပွဲကုလားထိုင်များ ဖြင့် အကျပြင်ဆင်ထားသော ထမင်းကို တစ်သက်တွင် တစ်ခါသာ တွေ့ဖူးသဖြင့် ခင်လေးမှာ ဝင်ထိုင်ရန် မဝံ့သလို ဖြစ်နေ၏ ။

"ထိုင်ပါ ခင်လေး"

နောင်လတ်သည် ကုလားထိုင်တစ်လုံးကို ခင်လေးအတွက် ဆွဲထုတ်ပေးလာ၏ ။

ငါးပိရေ တို့စရာနှင့် လယ်ထွက် ငါး သားကလေးများ ကိုသာ ထယ်လဲစားခဲ့ရသော ခင်လေး အဖို့ သီရိမြိုင်၏ အကြော်အလှော် အချက်အပြုတ် စုံလင်လှသော ဟင်းလျာများ သည် မျက်စိလည် စရာ ဖြစ်နေတော့၏ ။

ခင်လေး တစ်ယောက် မှာ အငူသားထိုင်ရင်း ဘာကို စ,နှိုက်ရမှန်းမသိအောင်ပင် ဖြစ်နေ၏ ။

နောင်လတ်သည် အိမ်ရှင်ကောင်းပီသစွာ ဖြင့် ခင်လေး၏ ပန်းကန်ထဲသို့ ဟင်းလျာများ ကို စတင်၍ ထည့်ပေးလာ၏ ။

"စားပါ ဘာမှအားနာစရာ မလိုဘူး။ စားတတ်သလိုသာ စား။ ခင်ဗျားအဒေါ်ကြီးအတွက် တော့ နိုးမှဘဲ စားဖို့တစ်ခုခု စီစဥ်ပေးမယ်"

"သူ့အတွက် ကြီးကြီးဇံ နွားနို့နဲ့ပေါင်မုန့် မီးကင် အဆင်သင့် လုပ်ထားပါတယ် နောင်နောင်"

"အင်း . . .အင်း အဲဒါဘဲ ကောင်းပါတယ်"

တစ်ကြိမ်တစ်ခါသော် မျှမသိမမြင်ဘူးသော မိမိတို့ တစိမ်းတစ်ရံစာများ အပေါ် အစစ အရာရာ လိုလေသေးမရှိအောင် ပြုစုနေသော နောင်လတ်အား ခင်လေးသည် အားနာမိနေ၏ ။

အားတုံ့အားနာဖြင့် မထိတထိ စားရင်းကပင် ခင်လေးသည် ခံတွင်း းတွေ့လာသဖြင့် အထူး ထူးသော ရသာစုံလင်လှသည့် ထမင်း ဟင်းလျာများ ကို အဝပင် စားပစ်လိုက်မိတော့၏ ။

ထမင်းပွဲပြီးလျှင် ရာသီပေါ် သီနှံများ ကို တည်ခင်းကျွေးမွေးကြပြန်သည်။

ခင်လေးသည် မွှေးပျံ့သော ခွဲစာငှက်ပျောသီးကြီးတစ်လုံးကို ဝလင်နေပြီ ဖြစ်သော ဝမ်းတွင် းသို့ ထပ်ဆင့်ဖြည့်သွင်းလိုက်၏ ။

"ကျေးဇူးတင်ပါတယ် ရှင်"

ခင်လေးသည် ယဥ်ကျေးသိမ်မွေ့စွာ နောင်လတ်အား ကျေးဇူးတင်စကားပြောရင်း စားပွဲမှ ထလိုက်၏ ။

'နေပါဦးလေ စကားလေး ဘာလေး ပြောကြရအောင်လို့ မင်းအဒေါ်လဲ

မနိုးသေပါဘူး”

ခင်လေးသည် ဟန့်တားလိုက်သူကို မျက်လုံးကလေး တစ်ချက်လှန်ကြည့်လိုက်ပြီး ပြန်ထိုင် ဟန် ပြင်လိုက်၏ ။

“လာ . . . ဧည့်ခန်းထဲမှာ ထိုင်ကြတာပေါ့”

သို့ နှင့် ဧည့်ခန်းထဲ ရောက်ကြပြန်၏ ။

နောင်လတ်သည် ခင်လေးနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်ပြီး စားပွဲပေါ်က စီးကရက်ဗူးကို ဖွင့်လိုက်၏ ။

“မင်းအကြောင်းကို ပြောပြပါ။ ဘယ်ကလာပြီး ဘယ်ကိုသွားမှာ လဲ”

“ခင်လေးတို့ ကမ်းပိုင်ကျေးရွာက လာတာပါ။ ရန်ကုန်သွားမလို့ပါရှင်”

“ရန်ကုန်မှာ ဘယ်သူရှိလဲ၊ မင်း မိဘတွေ လား”

နောင်လတ်က စီးကရက်ကို မီးညှိရင်း မေးခွန်းထုတ်လိုက်ပြန်၏ ။

“ခင်လေးမှာ မိဘများ မရှိတော့ပါဘူးရှင်၊ ဖေဖေနဲ့မေမေ ရှေ့ဆင့်နောက်ဆင့် ဆုံးသွားကြ တာ တစ်နှစ် တောင်မပြည့်တတ်သေးပါဘူး”

“အို . . .ဘယ်လို ဖြစ်လို့ တစ်နှစ် ထဲ ဆုံးသွားကြတာလဲ”

“ဖေဖေက မကျန်းမာလို့ အရင်ဆုံးတာပါ။ မေမေ ကတော့ ဖေဖေ့အတွက် လွမ်းနာကျလို့ ဆုံးတယ်ဘဲ ဆိုပါတော့။ ခင်လေးဖေဖေနဲ့ မေမေက တစ်ဦးကိုတစ်ဦး သိပ်ချစ်မြတ်နိုးကြသူတွေ ပါ။ တစ်ယောက် မရှိရင် တစ်ယောက် က မနေတတ်ဘူးရှင့်။ မေမေဆိုတာ ဖေဖေဆုံးပြီးကထဲက ဖေဖေနဲ့ပြန်ဆုံရမဲ့ တမလွန်ဘဝကို သွားဖို့ လက်ရေချိုးပြီး တွက်နေတော့တာဘဲ”

“အင်း . . . တယ်ဆိုတဲ့ စာပါလား။ ဒါဆို မင်းမိဘတွေ က အံ့စရာ မေတ္တာရှင်ကြီးတွေ ပေါ့။ ဒါနဲ့ နေဦး၊ မင်းအတွက် ကျတော့ကော မပူကြဘူးလား”

"အော် . . .ဒါတော့ရှင် ကိုယ်မွေးထားတဲ့ သားသမီးဘဲ၊ ဘယ် မချစ်ဘဲ သံယောဇဉ်မရှိဘဲ နေပါ့မလဲ၊ မေမေ့အတွက် သားသမီးကို ချစ်တာက တကဏ္ဍ၊ လင်းသားကို ချစ်တာက တကဏ္ဍပါ"

နောင်လတ်သည် ခင်လေး၏ စကားအဆုံးတွင် မပွင့်တပွင့်တစ်ချက် ပြုံးလိုက်၏ ။

'မင်းမှာ သားချင်းဘယ်နှစ် ယောက် ရှိလဲ'

"မရှိပါဘူး။ ခင်လေး တစ်ယောက် တည်းရယ်ပါ"

"အော် . . . .အော် . . .ဒါဆို မင်းအဒေါ်ကဘဲ မင်းကို စောင့်ရှောက်ထားတယ်ပေါ့"

"အော် . . .အင်း . . . ဒေါ်ဒေါ်ရွှေအိမ်ကို ပြောတာလား၊ ဟုတ်တယ်၊ ဟုတ်တယ်။ တစ်ကမ္ဘာလုံးမှာ ခင်လေး အားထားစရာဆိုလို့ ဒေါ်ဒေါ်ရွှေအိမ် တစ်ယောက် ထဲဘဲ ရှိပါတော့တယ်"

နောင်လတ်၏ မျက်လုံးများ ထဲတွင် ကြင်နာမှု ပြသော အရိပ်အယောင်များ ယှက်သန်း၍ လာ၏ ။

"မင်းတို့ ရန်ကုန်ကို ဘာသွားလုပ်ကြမှာ လဲ၊ အရောင်းအဝယ်ကိစ္စလား"

ခင်လေးမှာ မိမိအကြောင်းကို အမှန်အတိုင်းဖွင့်ဟပြောတော့မည့် ဆဲဆဲ ဒေါ်ရွှေအိမ်၏ မျက်နှာကို မြင်ယောင်လာသဖြင့် နှုတ် အ, သွားမိတော့၏ ။

"ပြောပါလေ၊ ဟိုကားထဲမှာ ပါတဲ့ ခရမ်းချဉ်သီးတွေ မင်းတို့ဥစ္စာဆိုရင် ကားပြောင်းပြီး သယ်နိုင်ဖို့ ဒို့ကစီစဉ်ပေးနိုင်ပါတယ်"

"အဲဒါ ခင်လေးတို့ ခရမ်းချဉ်သီးတွေ မဟုတ်ပါဘူး။ ခင်လေးတို့က ရန်ကုန်မှာ အလုပ်ရှာ မလို့၊ ဦးလေးဝကြီးကားကို ခရီးကြုံစီးလာတာပါ"

"ဘာ မင်း ရန်ကုန်မှာ အလုပ်ရှာမလို့"

"ဟုတ်တယ်ရှင့်"

"ဘာအလုပ်လဲ၊ မင်းက ဘာလုပ်တတ်သလဲ။ ဟိုမှာ လူခံရှိသလား ဟင်"

"အောင်မလေး . . . မိချောင်းသားက စပ်စုရန်ကော"

ခင်လေးသည် မြင်ပျဉ်းကပ်မိသော်လည်း သူ့ကိုတော့ အဖြေမိလျက်သား ဖြစ်နေ၏ ။

"ခင်လေး ဘာမှမလုပ်တတ်ပါဘူး။ မိတ်ဆွေ တစ်ယောက် ဆီ ရောက်မှဘဲ ကြည့်စီစဉ်ရမှာ ဘဲ။ အိမ်ဖော်လောက် အလုပ်လုပ်ရလဲ ရပေ့ါ။ ခင်လေးမှာ ကိုယ့်ဝမ်းကိုယ် မကျောင်းလို့မှ မ ဖြစ် တော့တာဘဲ ရှင်"

နောင်လတ်သည် သူ့ရှေ့တွင် ပုံ့ပုံ့ကလေး ထိုင်နေသော နုနုဖွံ့ဖွံ့ မိန်းမလှကလေးကို ကြည့်ရင်း ဦးခေါင်းကို လေးတွဲ့စွာ ရမ်းခါလိုက်၏ ။

"အင်း . . .အိမ်ဖော်အလုပ်ဆိုတာ မင်းပါးစပ်က ပြောသလောက် လွယ်တဲ့အလုပ်မျိုး မဟုတ်ဘူး မိန်းခလေး၊ အထူးသဖြင့် မင်းလို နုနုငယ်ငယ်နဲ့ လှတဲ့ မိန်းကလေးအဖို့ အိမ်ရှင် အကောင်းနဲ့တွေ့ရင် ကောင်းပါရဲ့ ။ နို့မဟုတ်ရင် အန္တရာယ်က များ ပါဘိသနဲ့"

"ဒီအတွက်တော့ ခင်လေးမပူပါဘူး၊ ခင်လေးကိုယ်ခင်လေး ထိန်းနိုင်တဲ့အရွယ်ရောက်နေ ပါပြီ။ ပြီးတော့ ခင်လေး မိတ်ဆွေကလဲ စိတ်မချရတဲ့အလုပ်မျိုး ခင်လေးကို ပေးလုပ်မှာ မဟုတ်ပါ ဘူး"

မင်းမိတ်ဆွေဆိုတာ မင်းနဲ့သိတာ ကြာပြီလား"

"ဟုတ်ကဲ့၊ ခင်လေး ငယ်ငယ်ကထဲက ဆိုပါတော့။ သူက မေမေ့ရဲ့ အချစ်ဆုံး သူငယ်ချင်း တစ်ယောက် ဘဲ"

"ပြောပါဦးလေ မင်းမိတ်ဆွေက ဘယ်သူလဲ၊ ဘယ်မှာ နေလဲ၊ ဒို့ရန်ကုန်ရောက်တဲ့အခါ မင်းဆီအလည်အပတ် ဝင်ရအောင်လို့ပါ"

ခင်လေးမှာ သည့်တချီတွင် တော့ လုံးဝပင် နှုတ်ဆိတ်သွားတော့၏ ။

"အင်း . . . ဒါ ငါ့အပြစ်ဘဲ၊ ဒေါ်ဒေါ်ရွှေအိမ်တားပါရက်ကနဲ့ ငါ နားမထောင်မိလို့ ဒီလူကြီး မေးခွန်းတွေ ကို ဖြေနေရတာ ဘဲ။ ခက်လိုက်တာ၊ အမှန်အတိုင်း ဖွင့်ပြောလို့တော့ မဖြစ်ဘူး။ လွှဲပြော မှဘဲ"

"ပြောပါဦးလေ၊ မင်းမိတ်ဆွေအိမ်က ရန်ကုန် ဘယ်နားမှာ လဲ"

"ဟို ခင်လေး အတိအကျမသိသေးပါဘူး။ ဟိုကျမှ ရှာရမှာ ပါ"

"ဟင် မင်းဟာကလဲ မသေချာလိုက်တာ၊ ရန်ကုန်ဆိုတာ မင်းတို့နေတဲ့ရွာလို သေးသေး လေး မဟုတ်ဘူး။ ဒါကို မင်းနားလည်လား"

ခင်လေး တစ်ယောက် အဖြေပေးရန် အကြံအိုက်နေစဉ် လူခေါ်ခေါင်းလောင်းသံ စူးရှစွာ ထွက်ပေါ်လာ၏ ။

နောင်လတ်သည် ထိုင်ရာမှဆတ်ကနဲ ထလိုက်ပြီး တံခါးဆီသို့ ခြေလှမ်းကျဲကြီးများ ဖြင့် လျှောက်သွား၏ ။

တံခါးပွင့်သွားသော အခါတွင် နောင်လတ်နှင့် မတိမ်းမယိမ်း အရွယ်ရှိမည့် အမျိုးသား တစ်ဦးသည် တံခါးဝတွင် ပေါ်လာပြီး ဦးထုပ်ကိုချွတ် ဧည့်ခန်းထဲသို့ လှမ်းဝင်လာ၏ ။

"နေကောင်းလား . . . နောင်လတ်"

"ကောင်းတယ် ကိုထိုက်စိုးမောင်၊ ဘယ်နယ် မိုးတောင်ချုပ်နေပါရောလား"

"အေးဗျာ . . . အမဲပစ် လိုက်သွားချင်လို့ ခင်ဗျားဆီက . . . . သေနတ် ခဏ လာငှားတာ။ ပေးမယ်မဟုတ်လား"

"ရပါတယ်ဗျာ၊ အချင်းချင်းတွေ ဘဲ ထိုင်ဦးလေ"

နောင်လတ်က ဧည့်သည်ထိုက်မောင်စိုးအား ကိုယ်ကို တိမ်း၍ လမ်းပေးလိုက်သော အခါ ဘသားချောဧည့်သည်သည် ကုလားထိုင်တစ်လုံးပေါ်တွင် ပုံ့ပုံ့ကလေးထိုင်ကာ

သူတို့ဘက်သို့ ကြည့်နေသော အရွယ်လှလှ မိန်းကလေးကို တွေ့ မြင်သွားတော့၏ ။

“ရှီး”

နှုတ်ခမ်းမွေးစစနှင့် ပါဝါတထောင်အား မျက်လုံးရှိသော ကိုရွှေဇည့်သည်က ခင်လေးကို တွေ့ မြင်သွားသော အခါ ရှီးကနဲ အသံထွက်အောင် လေတစ်ချက်ချွန်လိုက်ပြီး . . . ပခုံးကို ဟန်ပါပါ တွန့်လိုက်၏ ။

“အိုးဟိုး . . . လက်စသပ်တော့ နောင်လတ်က ဧည့်သည်နဲ့စကားပြောနေတာကိုး”

ခင်လေးသည် ထိုသူထံမှ မျက်နှာကို တစ်ဖက်သို့ လွှဲဖယ်ထားမိလိုက်သည်။

“ခဏ ထိုင်ဦး . . .ကိုယ် သေနတ်သွားယူလိုက်ဦးမယ်”

ပြောပြောဆိုဆို နောင်လတ်သည် ‘အပေါ်ထပ်ဆီသို့ ဆက်သွယ်ထားသော လှေခါးပေါ်သို့ အပြေးကလေး တက်ရောက်သွား၏ ။

သည်အခိုက်အတန့်မှာ ဘဲ ထိုက်စိုးမောင်သည် ခင်လေး၏ ရှေ့တည့်တည့်ခုံတွင် ထိုင်ချကာ ခင်လေး၏ မျက်နှာကို ပြောင်ကျကျပင် ကြည့်နေ၏ ။

“အဟမ်း . . . ညီမလေးကို ဒီအိမ်မှာ အရင်က တစ်ခါမှ မမြင်ဘူးပါလား”

ထိုက်စိုးမောင်က ညို့ ဓာတ်အစွမ်းကုန် ထုတ်ထားသော မျက်နှာပေးနှင့် စကား စ,လိုက် သည်။

လွှဲထားသည့် ခင်လေး၏ မျက်နှာသည် သူ့ဘက်သို့ လှည့်မိလျက်သား ဖြစ်သွားသော် လည်း မည် သို့ သော အဖြေကိုမှ မပေး။

“အိုးဟိုး . . . လက်စသပ်တော့ ညီမက စကားမပြောတတ်ဘဲကိုး . . . ကျွတ်ကျွတ် သနား စရာ”

ခင်လေးသည် သူ့ရှေ့က သူကောင့်သားကို ထောင်းကနဲ ဒေါသထွက်လာသော

ဟန် ကလေးဖြင့် ဆတ်ကနဲကြည့်လိုက်သည့် အခါတွင် တော့ ဘသားချောသည် မပြုံး ဘဲ ဝါးလုံးကွဲမျှ ရယ်လိုက်၏ ။

သည်အခိုက်တွင် နောင်လတ်သည် နှစ် လုံးပြူး သေနတ်တစ်လက်ကို ကိုင်ရင်း လှေကား ပေါ်မှ အပြေးကလေး ဆင်းလာ၏ ။

ကိုယ်ကြီးကို ယိမ်းထိုး၍ တဟားဟား ရယ်မောနေသော ထိုက်စိုးမောင်နှင့် နှုတ်ခမ်း ကလေးကို ထော်နေအောင် စူထားနေသော ခင်လေး၏ မျက်နှာကိုတွေ့ လိုက်ရလျှင် နောင်လတ် ၏ ထူထဲနက်မှော င်သော မျက်ခုံးကြီး နှစ် ဖက်သည် ကြုံ့ ဝင်သွားတော့၏ ။

"ဘာတွေ များ ဒီလောက် သဘောကျနေတာလဲ ထိုက်စိုးမောင်"

နောင်လတ်က ခပ်တည်တည်နှင့် မေးလိုက်သည်။

ထိုက်စိုးမောင်က ဟန်ပါပါ ပခုံးကိုတွန့်လိုက်ပြီး ခင်လေးကို လှမ်းကြည့်လိုက်သည်။

"ဒီက ညီမကို ကိုယ်က စကားပြောတတ်တယ် မှတ်လို့ အလာပသလာပ ပြောကြည့်မိတာ ခုမှ အ,အ ကလေးမှန်း သိတော့တယ်။ ဟင်း ဟင်း ဟင်း . . . သူ့ကို ဘယ်ကတွေ့ လာတာလဲ နောင်လတ်"

"ဒါ . . . မင်းအလုပ်မဟုတ်ပါဘူး ထိုက်စိုးမောင်၊ အချိန်မရွေး နေရာမရွေး ပျက်ပျက်ချော် ချော် လုပ်တတ်တဲ့ အကျင့်က မင်းကို တစ်နေ့ ကောင်းကောင်း ဒုက္ခပေးလိမ့်မယ်လို့ ငါ ထင်တယ်"

"ဟင်း ဟင်း ဟင်း . . . နောင်လတ်ကလဲ ဒေါသချည်းပါဘဲလား၊ ဒီလောက်လေး ကြည်စား တာကို မခံနိုင်ပုံထောက်တော့"

"ကြည့်လေ . . . ပြောနေတဲ့ ကြားထဲက မင်း ပါးစပ်ကို ပိတ်မထားနိုင်ဘူးလား"

နောင်လတ်က စိတ်မရှည်ဟန်ဖြင့် ပြောလိုက်သည်။

"ဟောဗျာ . . . ဒီကဖြင့် သူ့ကို အရွေးတော် တယ်လို့ ချီးမွမ်းမလို့ဟာကို

တကယ်ပါ နောင်လတ်ရဲ့ လက်ရွေးစဥ်ကလေးက ညီညီဇော် တန်းတန်းစွဲနေတဲ့ အဖွားကြီးထက် စာရင် ဘုံကြိုး ပြတ်တဲ့ နတ်သမီးကလေးလို့တောင် ဆိုနိုင်တယ်။ စကားမပြောတတ်တာလေး တစ်ခုဘဲ . . . ဟဲ ဟဲ ဟဲ"

"ဘာ . . . ဘာပြောတယ် ညီညီဇော်က ဘယ်သူ့ကို တန်းတန်းစွဲနေလို့လဲ"

နောင်လတ်သည် ရှုးရှုးရှားရှား ဖြစ်လာ၏ ။

ထိုက်စိုးမောင် ကတော့ တဟင်းဟင်းနှင့် ကလိတိတိ ရယ်သွမ်းသွေးနေ၏ ။

"ဟေ့ ထိုက်စိုးမောင် ငါ့ကိုရိမနေနဲ့။ ညီညီဇော့်အကြောင်း မင်း ဘာကြားထားလဲ ပြောစမ်း"

"အိုးဟိုး . . သူ့အကြောင်း နောင်လတ်တို့ မသိသေးရင်သာ ရှိမယ်။ ဟိုက အသိုင်းအဝိုင်း မှာ တော့ ဟိုးလေးတကျော်ဘဲ၊ ခင်ဗျား ညီတော် မောင် နွားသိုးကြိုး ပြတ်ကလေးကလေ ရပ်ရှင် မင်းသမီးဟောင်း မေကျော့ယဥ်ဆိုတဲ့ လှည်းကျိုးကို တစ်ကောင်ထဲ ဝင်ထမ်းတော့မလို့တဲ့ဗျား"

"ဟင် . . .မင်းပြောတာ တကယ်ဘဲလား။ ဖြစ်နိုင်ပါ့မလား သေချာရဲ့ လား ထိုက်စိုးမောင် ရာ"

နောင်လတ်သည် ကြားရသော သတင်းစကားကြောင့် အတော် ပင်တုန်လှုပ်ချောက်ချားသွား ပုံရ၏ ။

နောင်လတ်ထက် ခင်လေး၏ ချောက်ချားမှု မှာ ပို၍ သာနေ၏ ။ သူကလေးသည် အစွမ်းကုန် ပြူး ကျယ်နေသော မျက်လုံးကလေးများ ဖြင့် ထိုက်စိုးမောင်အား ကြည့်နေမိရှာ၏ ။

"ဟင်း ဟင်း ဟင်း . .. ဟုတ်ပဗျာ၊ ဟုတ်ပ ပြောပြီကော ခင်ဗျားသာမသိတယ် ကျုပ်တို့ အသိုင်းအဝိုင်းမှာ လေ ဒီသတင်း ဟိုးလေးကိုကျော်လို့"

"တောက် . . .မိန်းမ ဒီလောက်ရှားလို့လား ဒီဟာမကြီးကိုမှ"

"နောင်လတ် ဒေါသသိပ်မကြီးနဲ့လေ . . . ဒေါသထွက်ခြင်းက လူကို အန္တရာယ်

ဖြစ်စေ တယ်ဗျ . . . ဟင်းဟင်းဟင်း။ ခင်များအတွက် ဒေါသ ဖြစ်စရာအကြောင်းက ညီညီဇော်အတွက် နတ်ပြည်ခြောက်ထပ်ကို အရှင်လတ်လတ် ရောက်နေရတဲ့အကြောင်းဆိုတာလဲ မေ့မထားနဲ့ဦး . . . ဟွန်းဟွန်း”

“ဟော့ကောင် . . .သွား။ ခုထွက်သွား။ မင်းလိုချင်တဲ့သေနတ်ရပြီမဟုတ်လား။ ငါ့အိမ်ထဲက ထွက်တော့”

နောင်လတ်သည် ဒေါသတကြီး ဖြစ်လာကာ လက်သီးနှစ် ဖက်ဆုပ်၍ တအားကုန် အော်ဟစ်ပစ်လိုက်တော့၏ ။

သူ့ကိုကြည့်ကာ ခင်လေးပင်လျှင် နေစရာနေရာ မရှိအောင် တုန်လှုပ်သွားမိရာသည်။

ထိုက်စိုးမောင် ကတော့ ခပ်အေးအေးပင် မမှုသကဲ့သို့ ပခုံးကို ဟန်ပါပါတွန့်လိုက်ပြီး ခင်လေးကို ကြည့်လိုက်သည်။

“သွားမယ်နော် . . . ညီမ၊ သိပ်ကြောက်မနေပါနဲ့။ နောင်လတ်က ဒီလိုဘဲ။ တစ်ခါတစ်ခါ ဒေါသကြီးတတ်တယ်”

“တယ် . . .ဒီကောင်”

ထိုက်စိုးမောင်သည် တဟွန်းဟွန်းရယ်သံပြုရင်း ထွက်ပေါက်ဆီသို့ လှစ်ကနဲ ရောက်ရှိသွား တော့၏ ။

ခင်လေးသည် သည်နေရာတွင် မနေလိုတော့ပါ။

မကျော့ယဉ်အကြောင်း ကြားလိုက်ကတည်းက နောင်လတ်၏ ရှေ့မှော က်မှ ထွက်ပြေး ချင်နေ၏ ။

မကျော့ယဉ်ကို နောင်လတ် ဘာကြောင့် မုန်းတီးနေသနည်း။

မကျော့ယဉ်နှင့် ပတ်သက်သော အကြောင်းများ မည် သို့ ရှိနေသနည်း။

အကယ်၍ သာ မိမိသည် မေကျော့ယဥ်နှင့် ပတ်သက်နေသူ ဖြစ်ကြောင်းသိရလျှင် နောင်လတ်သည် ဤအိမ်ကြီးပေါ်တွင် ဆက်လက် လက်ခံစကားပြောဦးတော့မည် လား။

"အို . . . ဘာပဲ ဖြစ် ဖြစ်၊ သူနဲ့ စကားဆက်မပြောတာဘဲ ကောင်းပါတယ်။ သူ့ကိုကြည့်ရတာ ဒေါ်လေးကျော့ကို သိပ်မုန်းပြီး အထင်သေးနေတဲ့ပုံဘဲ။ အင်း . . . ဒေါ်ဒေါ်ရွှေအိမ်စကား ငါနား မထောင်မိတာ အမှား ဘဲ"

ခင်လေးသည် ထိုင်ရာမှ ဆတ်ကနဲထရပ်လိုက်၏ ။

ခင်လေး၏ လှုပ်ရှားမှု ကြောင့် နောင်လတ်၏ မျက်နှာသည် ခင်လေးဘက်သို့ လှည့်ကြည့် လာသည်။

"ခင်လေး အပေါ်တက်တော့မလို့"

"နေပါဦးလေ"

"ဟို ခင်လေး ဒေါ်ရွှေအိမ်ကို ကြည့်ရမှာ မို့ပါ"

ခင်လေးသည် နောင်လတ်ထံမှ နောက်ထပ် ဟန့်တားချက်များ ပေါ်ထွက်မလာမီ အပေါ် ထပ်ဆီသို့ ချာကနဲ လှည့်ပြေးတက်ခဲ့တော့၏ ။

ဒေါသရိပ်တွေ တလိပ်လိပ် တက်နေဆဲရှိသော မျက်လုံးများ ဖြင့် နောင်လတ်သည် ခင်လေး ကို မျက်စိတဆုံးကြည့်ရင်း ဧည့်ခန်းလယ်တွင် ကျန်ရစ်တော့သည်။

♥ ♥ ♥

ခြောက်။

အပြေးကလေး အိပ်ခန်းထဲသို့ ဝင်လိုက်မိသော ခင်လေး၏ ခြေလှမ်းများသည်

နိုးနေပြီ ဖြစ်သော ဒေါ်ရွှေအိမ်ကို တွေ့လိုက်ရလျှင် တန့်ကနဲ ဖြစ်သွားကြတော့၏ ။

သူ့အမူအရာက ခိုးထုပ်ခိုးထည်နှင့် အမိခံလိုက်ရသူတစ်ဦးကဲ့သို့ လဲ့ပြာသော မျက်ဝန်း ကလေးများ ဝိုင်းဝန်းစွာ ဖြင့် သူ့အား ကြည့်နေသော မိန်းကလေးအား ဒေါ်ရွှေအိမ်သည် ခေတ္တမျှကြည့်နေပြီးမှ စကားစလာ၏ ။

"ခင်လေးရယ် . . . ညီလေးကလေ ကြက်ဥထဲက ပေါက်စကြက်ကလေးလိုပါဘဲလားဟင်"

"ခင်လေး . . .ဟို . . . ခင်လေး"

ခင်လေးမှာ တထစ်ထစ်တအအဖြင့် စကားမဆက်နိုင်အောင် ဖြစ်နေ၏ ။

"အင်းလေ . . .ညည်းလေးကို အပြစ်မဆိုပါဘူး။ ညီလေးတို့အရွယ်က စူးစမ်းစပ်စုလိုတတ်တဲ့ အရွယ်ဘဲ။ ဒေါ်ရွှေအိမ်ကသာ အစိုးရိမ်ပိုနေမိတာပါ"

"ဒေါ်ဒေါ်ရွှေအိမ် . . . ဒေါ်ဒေါ်ရွှေအိမ်ရယ်"

ခင်လေးသည် ဒေါ်ရွှေအိမ်ဆီသို့ အပြေးကလေး ချဉ်းကပ်ကာ သူ့ရင်ဘတ်ပေါ်တွင် မှော က်၍ ငြိမ်နေလိုက်၏ ။

ဒေါ်ရွှေအိမ်သည် ခင်လေး၏ ကျောပြင်နုနုကလေးကို တဖွဖွ ပွတ်သပ်ပေးနေမိ၏ ။

"အော် ခင်လေး . . .ခင်လေး၊ လူမှန်နေရာမှန် ဘဝမျိုးနဲ့သာနေရရင် ညည်းကလေးဘဝ တင့်တယ်လိုက်မဲ့ ဖြစ်ခြင်းကွယ်။ ခုတော့ . . ."

"ဒေါ်ဒေါ်ရွှေအိမ်"

ခင်လေးခေါ်သံကြောင့် ဒေါ်ရွှေအိမ်၏ အတွေးအမြင်များ ပြတ်တောက်သွား၏ ။

"ဟင် .. . . ဘာလဲ ခင်လေး"

"ဒေါ်ဒေါ်ရွှေအိမ် မနက် ခရီးထွက်နိုင်ပါတယ်နော်"

"ထွက်နိုင်ပါတယ် . . .ခင်လေးရယ်၊ မထွက်နိုင်လဲ ထွက်နိုင်အောင် ကြိုး စားရမှာဘဲ။ ခင်လေးသိတဲ့အတိုင်း ဒေါ်ရွှေအိမ်အတွက် ရက်တွေ သိပ်ကြန့်ကြာနေလို့ မ ဖြစ်ဘူး"

"ဟုတ်ပါတယ်။ ခင်လေးလဲ ရန်ကုန်ကို မြန်မြန်ရောက်ချင်လှပါပြီ။ ဒေါ်လေးကျော့ကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရပါစေလို့ ဆုတောင်းနေရတော့တာဘဲ"

"အေး . . . ဒေါ်ရွှေအိမ်လဲ အမြန်ရောက်ချင်နေတာ။ မမအခြေအနေကိုလဲ သိချင်လှပြီ။ ခင်လေးအတွက်လဲ စိတ်အေးချင်လှပြီ။ ဒါနဲ့ ခင်လေး . . . ဒီအိမ်ရှင် သူငယ်က ခင်လေးကို ဘာတွေ မေးသေးသလဲ"

"ဘာမှ အထွေအထူး မမေးပါဘူး။ ဘယ်ကလာပြီး ဘယ်ကိုသွားမလို့လဲတဲ့"

"ဒီတော့ ခင်လေးက ဘာပြောလိုက်လဲ"

'အော် . . . အင်း၊ ပိုင်ကျုံရွာကလာပြီး ရန်ကုန်ကို သွားမလို့ပါလို့ ဖြေလိုက်တယ်"

"ခင်လေးရဲ့ မိဘမျိုးဆွေတွေ အမည် ကို ပြောပြမိလိုက်သေးလား"

"ဟင့်အင်း . . .အမေနဲ့ အဖေဆုံးပြီး ဒေါ်ဒေါ်ရွှေအိမ်နဲ့ နေတဲ့အကြောင်းသာ ပြောမိပါ တယ်။ နာမည် တွေ ထည့်မပြောမိပါဘူး"

"အင်း . . . ခင်လေးက လိမ်မာပါတယ်။ မင်းအမေ မေ့ပစ်ချင်တဲ့သူ့အမျုးအကြောင်းတွေ ကို မပြောတာဘဲ ကောင်းပါတယ်ကွယ်။ ကဲ ခင်လေး အိပ်ချည်တော့လေ။ မနက်ကို ခပ်စောစောထပြီး ဒီက သွားကြတာပေါ့"

ခင်လေးသည် ထိုင်နေရာမှ ငြင်သာစွာ ထ၍ သူ့အတွက် စီစဉ်ပေးထားသော ကုတင်ပေါ် တွင် လှဲချလိုက်သည်။

ခင်လေးသည် မျက်လုံးများ ကို မှိတ်ထားသော် လည်း နောင်လတ်၏ ရှုတည်တည် ရုပ်လွှာ ကြီးကိုသာ မြင်ယောင်၍ နေမိ၏ ။

ငိုရမလို ဖိုရမလိုနှင့် အပျိုဖျန်းကလေး၏ ရင်ထဲက ခံစားချက်သည် ဆန်းလိုက်သည့် ဖြစ်ခြင်း။

♥♥♥

အိစက်ညက်ညောသော ကုတင်ပေါ်တွင် အိပ်စက်ခွင့်ရရှိခဲ့သော်လည်း ခင်လေးခမျာမှာ တော့ တစ်ညတာလုံး လူးလူးလိမ့်လိမ့်နှင့် သာ ရှိခဲ့သည်။

အရုဏ်ဦး ရောင် နီပျိုးလာသည်နှင့် တစ်ပြိုင်နက် ဒေါ်ရွှေအိမ်က အိပ်ရာက ထလိုက်သဖြင့် ခင်လေးလည်း လူးလဲ၍ ထလိုက်သည်။

“အင်း . . .ဒီအိမ်ကြီးကနေ အမြန်ဆုံး ထွက်သွားတာဘဲ ကောင်းပါတယ်လေ။ ငါ့အမေ ဆင်းဆင်းရဲရဲနဲ့ သေပွဲဝင်ခဲ့ရတာ ဒင်းတို့လို လူကုံထံအသိုင်းအဝိုင်းတွေ ရဲ့ မောက်မာထောင်လွှား မှု ကြောင့် ဘဲ။ မေမေ့အတွက် ငါသူတို့ကို ရှောင်သင့်တယ်။ အို . . . သူ့ကို မေ့ပျောက်နိုင်အောင် ကြိုး စားရမယ်”

ခင်လေးသည် အတွေ းမျှင်ကို တခန်းရပ်၍ ကိုယ်လက်မျက်နှာကို သန့်စင်လိုက်၏ ။

တခဏကြာလျှင်တော့ ရည်ရွယ်ထားသော ခရီးကို စတင်ရန် နှစ် ဦးသား အောက်ထပ်ဆီသို့ ရောက်ခဲ့ကြတော့၏ ။

“ဟင် . . . ဒါ ဘယ်တုန်း”

ဒေါ်ငွေဇံသည် လွယ်အိတ်ကလေး ကိုယ်စီ ကိုယ်စီဖြင့် ဆင်းလာသော ဒေါ်ရွှေအိမ်နှင့် ခင်လေးကို ကြည့်ကာ အံ့အားသင့်နေ၏ ။

“ကျွန်မတို့ ခရီးထွက်ကြမလို့ပါရှင်။ ဒီက အိမ်ရှင် သူငယ်နိုးရင် အစစအရာရာ လိုလေသေး မရှိအောင် ပြုစုတဲ့အတွက် ကျေးဇူးတင်တဲ့အကြောင်းနဲ့

နှုတ်ဆက်သွားတဲ့အကြောင်းကလေး ပြောပေးပါနော် . . .လာ ခင်လေး”

သူ့စကား ဆုံးသည်နှင့် တစ်ပြိုင်နက် ဒေါ်ရွှေအိမ်သည် ခင်လေး၏ လက်ကောက်ဝတ် ကလေးကို ဆွဲကာ ထွက်ပေါက်ဆီသို့ လျှောက်လိုက်၏ ။

ခင်လေးသည် အံ့အားသင့်၍ ကျန်ရစ်သော ဒေါ်ငွေဇံကို လှည့်ကြည့်လှည့်ကြည့်နှင့် ပင် ဒေါ်ရွှေအိမ် ဆွဲခေါ်ရာနောက်သို့ ပါခဲ့တော့သည်။

“နှုတ်ဆက်ခဲ့ပါတယ် သီရိမြိုင်”

♥ ♥ ♥

# ခုနှစ်

ကုန်ရော လူပါ ငပိသိပ် ငချဉ်သိပ် တင်ထားသော ဘတ်စ်ကားကြီးတစ်စင်းပေါ်တွင် ခင်လေးသည် လိုက်ပါလာခဲ့ပြီ ဖြစ်သော်လည်း သူ့စိတ်အာရုံများ ကတော့ သီရိမြိုင်ဆီသို့ သာ ပျံ့လွင့်၍ နေ၏ ။

“ဒီအိမ်ကြီးမှာ မမျှော်လင့်ဘဲနဲ့ ဒေါ်လေးကျော့အကြောင်း ငါကြားခဲ့ရတယ်။ တိုက်တိုက် ဆိုင်ဆိုင် ရှိလိုက်တာ။ ဒီနောင်လတ်ဆိုတဲ့ လူကြီးက ဒေါ်လေးကျော့မှာ သူမှန်းတီးရလောက် အောင် ဘာအကြောင်းတွေ များ ရှိနေသလဲ။ အင်း . . .တကယ်တော့ ငါလဲ ဒေါ်လေးကျော့ အကြောင်း ဘာမှသိသေးတာမဟုတ်ဘူး”

“ခင်လေး”

“ဟင် . . .”

ခင်လေးသည် မျက်နှာကလေးမော့ကာ သူ့အား စူးစိုက်ကြည့်ရှုနေသူကို ကြည့်လိုက်၏ ။

“ဘာတွေ တွေ းနေတာလဲ . . .၊ ငြိမ်ချက်သား ကောင်းလှချည့်လား”

“အော် . . .ဟော . . . ဟို . . . ဒေါ်လေးကျော့ အကြောင်း တွေ းနေမိတာပါ ဒေါ်ဒေါ် ရွှေအိမ်”

“ဘာအကြောင်းများ လဲကွယ်”

“သူ့ဆီကို သွားမယ်လို့သာ ဆုံးဖြတ်ပြီး ထွက်လာခဲ့တယ်။ တကယ်တော့ သူ့အကြောင်းလဲ ခင်လေး ဘာမှ ဂဃနဏ မသိရသေးဘူး မဟုတ်လား ဒေါ်ဒေါ်ရွှေအိမ်”

“သူ့အကြောင်း အထွေအထူး ဘာများ သိစရာလိုလို့လဲကွယ်။ ဟိုရောက်တော့ မင်း သိရ မှာ ပေါ့။ အေး ဒေါ်ရွှေအိမ်တစ်ခုတော့ မှာ လိုက်ပါရစေ။ သူ့ဆီမှာ ခင်လေး

လိမ်လိမ်မာမာ နေနော်။ ခင်လေးကို တင့်တင့်တယ်တယ် နေစေ့ချင်လွန်းလို့သာ သူ့ဆီလွှတ်ရတယ် . . . ဒေါ်ရွှေအိမ်ရင်မှာ မချိဘူး။ အဲ . . .တကယ်လို့များ ဟိုမှာ နေရတာ အကြောင်းမညီညွတ်ခဲ့ရင်တော့ ဒေါ်ရွှေအိမ်ဆီဘဲ ပြန်လာခဲ့ပါ ခင်လေးရယ်"

"စိတ်ချပါ ဒေါ်ဒေါ်ရွှေအိမ် . .. . ခင်လေးလဲ မတတ်သာလွန်းလို့သာ ဒေါ်ဒေါ်ရွှေအိမ်နဲ့ ခွဲဖို့ ဆုံးဖြတ်ခဲ့တာပါ"

"ဒေါ်ရွှေအိမ်သည် ရှည်လျားသော ခရီးဆုံးခန်းတိုင်အောင်ပင် ဆုံးမစကားတွေ မနားတန်း ပြောခဲ့ပေ၏ ။

စကားတပြောပြောနှင့် ပင် အချိန်တွေ ကုန်လွန်လာခဲ့ရာ မွန်းမတည့်မီ ကားသည် မြေနီကုန်းသို့ ဆိုက်ရောက်ခဲ့၏ ။

ထိုမှတစ်ဆင့် သုံးဘီးတစ်စင်းကို ငှားရမ်းကာ လမ်း ၃၀ သို့ ခရီးဆက်ခဲ့ကြပြန်သည်။

ဆိုင်းဘုတ်ကြီး ဟီးနေအောင် တပ်ဆင်ထားသော ဆန်းထွန်းရပ်ရှင်ကုမ္ပဏီကို လမ်း ၃၀ ထဲသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ထင်းကနဲ တွေ့မြင်လိုက်ရပေ၏ ။

"ဟောဟိုမှာ ဒေါ်လေးကျော့ ပြောတဲ့ ရုပ်ရှင်ကုမ္ပဏီဘဲ ဒေါ်ဒေါ်ရွှေအိမ်"

ခင်လေးသည် ဆွေ့ဆွေ့ခုန်လုမတတ် ဝမ်းသာအားရ ဖြစ်သွားရှာ၏ ။

"အေးတော့ . . . လွယ်လွယ်ကူကူတော့ အတွေ့သား၊ သူငယ်ရေ . . . အဲဒီ ရုပ်ရှင်ကုမ္ပဏီ အရှေ့ ရပ်ပေးပါကွယ်"

သုံးဘီးယာဉ်မောင်းသူသည် ကားကို ရုပ်ရှင်ကုမ္ပဏီရှေ့ တည့်တည့်တွင် ရပ်ပေးလိုက် ၏ ။

"ကဲ ဒေါ်ဒေါ်ရွှေအိမ် . . . စိတ်ချလက်ချသာ ဆေးရုံကို ဆက်သွားတော့ . . .။ ဒေါ်လေး ကျော့အိမ်ကို ရောက်နေပြီဘဲဟာကိုး"

ပြောပြောဆိုဆို ခင်လေးသည် သူ့လွယ်အိတ်ကလေး ကျစ်ကျစ်ပါအောင်

ရင်ခွင်တွင် ဖက်ကာ ကားထွက်သည်ကိုပင် မစောင့်နိုင်ဘဲ ဆန်းထွန်းရပ်ရှင်ကုမ္ပဏီ၏ ဘယ်ဘက်ရှိ လှေကား ထစ်များ ပေါ်သို့ အပြေးကလေးတက်ခဲ့မိပေ၏ ။

"ဟင် . . ."

ခင်လေး အမောဆို့သွား၏ ။

လှေကားထစ်များ ၏ အဆုံး အပေါ်ထပ်ဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာသော အခါ တွင် သူတွေ့ချင် မြင်ချင်လွန်းလှသော မေကျော့ယဉ်ကိုယ်စား ပိတ်ထားသော တံခါးမကြီးမှ ရောမ သော့ ခလောက်ကြီးက သူ့အား ဆီးကြိုနေ၏ ။

ခင်လေးသည် ရင်ထဲတွင် ဟာသွားပြီး တံခါးရှေ့တွင် အတန်ကြာအောင် မလှုပ်နိုင် မရှား နိုင် ဖြစ်နေ၏ ။

သူ့ကိုယ်သူလည်း အပြစ်တင်၍ မဆုံးတော့ပါ။

"အဲဒါ ငါဆပ်ဆော့လို့။ ဒေါ်ရွှေအိမ်နဲ့အတူ ဆေးရုံလိုက်သွားပြီးမှ ဒီကိုဝင်ရင် ငါဒီလို ဖြစ်မှာ မဟုတ်ဘူး။ ဒေါ်လေးကျော့ ခရီးထွက်သွားတာဆိုရင်တော့ ဒုက္ခဘဲ။ ဒေါ်ရွှေအိမ် လာတဲ့အထိ ဒီမှာ ငါထိုင်စောင့်နေရတော့မှာ "

ခင်လေးသည် အင်္ကျီလက်စဖြင့် နဖူးပေါ်က ချွေးစေးများ ကို အသာတို့သုတ်ရင်း သက်မကြီး ကို ချလိုက်ရှာ၏ ။

ထိုစဉ် နောက်ဖက်ဆီမှ တံခါးဖွင့်သံတစ်ခုကြားလိုက်ရသဖြင့် ခင်လေး၏ ဦးခေါင်းသည် နောက်သို့ ချာကနဲ လှည့်သွား၏ ။

တံခါးနှစ် ချပ်ကို မျက်နှာတစ်ခုစာသာ ဖွင့်လာသော သူသည် ခင်လေးကို မြင်လိုက်ရလျှင် သူမျှော်လင့်နေသူတစ်ဦးမဟုတ်သဖြင့် စကားတစ်ခွန်းမျှမစဘဲ တံခါးကို ပြန်ပိတ်လိုက်၏ ။

"ဒီမှာ . . . ဒီမှာ ရှင့်"

ခင်လေး နောက်ကျသွားသည်။

တံခါးက ဂျိမ်းကနဲနေအောင် ပြန်ပိတ်သွားပြီ ဖြစ်၏ ။

ခင်လေးက အလျှော့မပေးဘဲ လက်ဆစ်ကလေးများ ဖြင့် ခေါက်ကာ ထိုသူကို ခေါ်လိုက် မိပြန်သည်။

ခဏကြာတော့ တံခါးပြန်ပွင့်လာ၏ ။

ဖွင့်ကြည့်လာသူသည် စောစောကအတိုင်း မျက်နှာစာတစ်ခုစာသာ တံခါးကို ဖွင့်ထား၏ ။

"ဘာလဲ"

အသံအော်အော်ကြီးဖြင့် ထိုသူက စ၍ မေးသည်။

"ဒီ . . .ဒီဘက်ခန်းကအမ ဘယ်သွားလဲရှင်၊ သိပါသလား"

"ဘယ်သူ့ကိုမေးတာလဲ၊ မေကျော့ယဉ်ကိုလား"

"ဟုတ်ပါတယ်ရှင်"

"မရှိဘူး၊ ဒီမှာ မနေတော့ဘူး"

"ဂျိမ်း . . ."

တံခါးကြီးနှစ် ချပ်သည် သူ့စကားကို နိဂုံးချုပ်သည့်အနေနှင့် ဂျိမ်းကနဲနေအောင် ပိတ်သွား ကြပြန်၏ ။

"အို . . . .အိုရှင် . . . နေပါဦး"

ခင်လေး ပျာရာခတ်သွားရှာသည်။

တောင်ကူးမြောက်ပြေး ရွှာဆော်ကြီးခွေးကဲ့သို့ ရှိချေမည့် မိမိအ ဖြစ်အတွက် ထိပ်ပျာတုန် လှုပ်၍ လည်း သွားမိ၏ ။

"ဒေါက် . . .ဒေါက် . . . ဒေါက်"

ခင်လေးသည် နုထွေးသော လက်ဆစ်ကလေးများ နာရမှန်း မသိအောင်ပင် တံခါးကို ခပ်ဆတ်ဆတ် ခပ်ပြင်းပြင်း ခေါက်လိုက်မိပြန်၏ ။

"တောက် . . . ဘယ်လို ဖြစ်နေတာလဲ၊ တစ်နေ့တစ်နေ့ ဒီမိန်းမကို လာမေးတဲ့လူကိုဖြေနေ ရတာ အလုပ်တစ်ခု"

စိတ်မရှည်သံတစ်ခုနှင့် အတူ တံခါးသည် သည်တစ်ချီတွင် တော့ ဟင်းလင်းပွင့်လာ၏ ။

စောစောက မျက်နှာတစ်ပိုင်းတစ်ဝက်သာဖော်ထားသူသည် မျက်နှာကြီး ရှစ်ခေါက်ချိုးဖြင့် သူ့ကိုကြည့်လာ၏ ။

"ဒီမှာ ဦးလေးရှင်၊ တဆိတ်လောက်ပါ၊ ကျွန်မ . . . ကျွန်မ . .. ခရီးဝေးကလာတာပါ။ ဒီက ဒေါ်မေကျော့ယဉ် ဘယ်များ ပြောင်းသွား သလဲဟင်၊ သိရင် ပြောပြပေးပါရှင်၊ ကျွန်မ သူနဲ့တွေ့မှ ဖြစ်မှာ မို့ပါ"

လူကြီးက သူ့ကိုခြေဆုံး ခေါင်းအဆုံးကြည့်လိုက်သည်။ ပြီးမှ . . .

"လိပ်စာအတိအကျတော့ မသိဘူး။ ကမာရွတ် သုခလမ်းလို့ ပြောတာဘဲ။ ကဲ . . .ဒါဘဲလား၊ ငါသိတာတော့ ဒါအကုန်ဘဲ"

"ဟုတ် . .. ဟုတ်ကဲ့ရှင့်"

တံခါးပြန်ပိတ်သွားခြင်းနှင့် အတူ ခင်လေး၏ ဦးခေါင်းသည်လည်း ငုံ့ဆင်း၍ ကျသွားတော့ ၏ ။

"ဒုက္ခပါဘဲ ဒီအတိုင်းဆိုရင်တော့ ငါ ဒေါ်ရွှေအိမ်နဲ့ ပြန်လိုက်ရတော့မယ်ထင်ပါရဲ့ ။ ဒီလောက်ခရီးအဝေးကြီးလာခဲ့ပြီးမှ ဟင်း . .. . ဒါ ငါ့အမှား ဘဲ၊ ငါလာမယ့်အကြောင်း ဒေါ်လေးကျော့ဆီ အရင်စာနဲ့ ဆက်သွယ်ဖို့ ကောင်းတာ။ ခုတော့ ဒုက္ခ ဖြစ်ပြီ။ ဟင်း . . . တတ်နိုင် ဘူးလေ။ အောက်ဆင်းပြီး ဒေါ်ရွှေအိမ် ဆေးရုံက ရောက်လာတဲ့အချိန်အထိ ထိုင်စောင့်ရတော့ မှာ ဘဲ။ ငါမှ ဘယ်မှ မသွားတတ် မလာတတ်တာ"

ခင်လေးသည် လေးကန်လှသော ခြေလှမ်းများ ဖြင့် လှေကားကို တစ်ထစ်ချင်းနင်း၍ ဆင်းခဲ့သည်။

သူသည် လူသွားလူလာကင်းလွတ်သော တစ်နေရာတွင် အသာရပ်လိုက်ပြီး ပတ်ဝန်းကျင် ထဲသို့ ကြည့်လိုက်သည်။

လူတွေ က ယောက် ယက်ခတ်လျက်နေ၏ ။

ကားတွေ ကလည်း တဝီဝီ၊ တတီတီနှင့် ။

မျက်စိသူငယ် နားသူငယ်ဖြင့် မဟာရန်ကုန်မြို့ အလယ်တွင် ဒုက္ခရောက်နေသူက ခင်လေး တစ်ယောက် ထဲ။

ထိုအချိန်တွင် မိမိ၏ ဒုက္ခသည်သာလျှင် မဟာဒုက္ခဟု ခင်လေးထင်မြင်နေမိ၏ ။

ကံအကြောင်းမလှသော မိမိ၏ အ ဖြစ်ကို ခင်လေး တစ်ယောက် နာကျည်းဝမ်းနည်း၍ မျက်ရည်ရစ်ဝဲစို့တက်နေချိန်တွင် ကားတစ်စီး သူ့ရှေ့သို့ ငြိမ့်ကနဲ ထိုးဆိုက်လာ၏ ။

“ဟင်”

“ဟေး မင်း”

ကားပေါ်မှဆင်းလာသူသည် သူ့ခြေဦးကို ဆန်းထွန်းရပ်ရှင်ကုမ္ပဏီထဲသို့ ဦးတည်ထားရာမှ ခင်းလေးဘက်ဆီသို့ လှည့်လာ၏ ။

ခင်လေးသည် အကြောအချဉ်များ တုန့်ဆိုင်းနေသူကဲ့သို့ တောင့်တောင့်ကလေးရပ်ကာ ပြုံး စစ မျက်နှာဖြင့် သူ့ထံသို့ ချဉ်းကပ်လာသူကို မျက်တောင်မခတ် လှမ်းကြည့်နေမိ၏ ။

“ကိုယ့်ကို မှတ်မိပါတယ်နော် . . . ဟင်း ဟင်း ဟင်း ကိုယ်တော့ မင်းကို ကောင်းကောင်း မှတ်မိနေပါတယ်။ တဒင်္ဂတွေ့ဆုံခွင့်ရလိုက်ပေမယ့် မင်းမျက်နှာ လှလှကလေး ကတော့ ဓာတ်ပုံ ရိုက်ယူခဲ့သလို ကိုယ့်မျက်စိထဲမှာ စွဲနေတယ်”

ခင်လေးသည် ရင်ထဲမှ လှုပ်ရှားနေမှု ကို ဖော်ပြနေသော နှုတ်ခမ်းသားကလေးကို ပြတ်လု မတတ်ကိုက်ရင်း ထိန်းချုပ်လို့နေ၏ ။

"ဟင်း ဟင်း ဆိုပါဦးလေ၊ မင်းက မနေ့ည ပဲခူးမှာ ခုမနက် ရန်ကုန်ရောက်နေတာ ဘယ်လို အကြောင်းလဲ၊ နောင်လတ်ကော မင်းနဲ့အတူ ပါလာလား"

နှုတ်ခမ်းမွှေးရေး ရေး လေးနှင့် ပြုံး စစ မျက်နှာရှင်ကို ခင်လေးက ဦးခေါင်းကလေး ရမ်းခါပြ လိုက်သည်။

"ဒါဖြင့် မင်း တစ်ယောက် ထဲ လာတာလား၊ မင်းဘယ်သူ့ကို စောင့်နေတာလဲ ပြောပါလေ။ နောင်လတ်ရဲ့ အပေါင်းအသင်းဆိုရင် ကိုယ်ကလဲ ကိုယ့်အပေါင်းအသင်းလို သဘောထားပါတယ်။ မင်း အကူအညီလိုအပ်ရင် ပြောပါ။ ကူညီဖို့အသင့်ဘဲ"

ခင်လေးသည် ထိုက်စိုးမောင်ကြည့်နေရာမှ မျက်လွှာကိုချပစ်လိုက်၏ ။

ရင်ထဲတွင် ဝေခွဲမရစိတ်တွေ နှင့် . . .

"ရပ်ရှင်ကုမ္ပဏီနားမှာ မင်းယောင်လည်လည် ဖြစ်နေတာ မင်းသမီး လျှောက်ချင်လို့တော့ မဟုတ်ပါဘူးနော်"

"အို ရှင်"

ခင်လေးမှာ တစ်ဖက်လူ၏ ပြုံး စစ မျက်နှာကြီးကို စိတ်ရှုပ်ထွေးစွာ ဖြင့် ကြည့်လိုက်မိ၏ ။

"ဒီမယ် စိတ်ညစ်ရတဲ့အထဲ"

ခင်လေး၏ နှုတ်မှ ယင်းစကားစုသည် ညည်းညည်းညူညူကလေး ထွက်မိသွား၏ ။

"စိတ်ညစ်တယ်။ ဘာတွေ များ စိတ်ညစ်နေတာလဲ၊ ပြောစမ်းပါဦး။ ဒီက ကူညီချင်လို့ပါ။ ဘာလဲ ခင်ဗျားလေးက ကျုပ်ကို မယုံဘူးလား။ ကျုပ်က နောင်လတ်မိတ်ဆွေဆိုရင် ယောင်လို့ တောင် မပစ်မှာ းဘူးဆိုတာ ယုံစမ်းပါ"

ခင်လေးသည် မျက်လုံးကလေးကို လှန်၍ သူ့ကို ကြည့်လိုက်သည်။

“ရှင် ခင်လေးကို တကယ်အကူအညီပေးမှာ လား”

“တကယ်မကူဘူး၊ နှစ် ကယ် သုံးကယ်တောင် ပေးမှာ ဗျ။ ဆို . . .ကျုပ် ဘာကူညီရမလဲ”

“ခင်လေးကို အရှေ့ပိုင်း ဆေးရုံကို ပို့ပေးမလား”

“ဆေးရုံကို သွားချင်တယ်။ အာ . . . ဒီလောက် ကတော့ ရပါတယ်ဗျာ။ တက် ကားပေါ် တက်ပါ”

ဘသားချောက ကားနောက်ခန်းတံခါးကို ဖွင့်ပေးလိုက် ၏ ။

ခင်လေးသည် ဘာဘာညာညာ ဆက်၍ စဉ်းစားမနေတော့ဘဲ၊ ဒေါ်ရွှေအိမ်ထံ ရောက်လို ဇောဖြင့် ကားပေါ်တက်၍ ငြိမ့်ခနဲ ထိုင်ချလိုက်မိ၏ ။

“ဆေးရုံမှာ ဘယ်သူရှိနေလို့လဲ”

ထိုက်စိုးမောင်က ကားစက်ကိုနှိုးရင်း မေးခွန်းထုတ်လိုက်သည်။

“ခင်လေးနဲ့အတူလာတဲ့ အဒေါ်ဆီသွားမလို့ပါ”

‘အော် . . .အော် သူဆေးရုံတက်နေလို့လား”

“ဟင့်အင် လူနာမေးသွားတာပါ”

ထိုက်စိုးမောင်သည် ကားကို စတင်၍ မောင်းနှင်လိုက်သည်။

“ခင်လေးအရင် ရန်ကုန်ကို ရောက်ဖူးလား”

“ဟင့်အင်း . . .ဒီနေ့မှ ရောက်ဖူးတာပါ”

“ဒါနဲ့များ အဒေါ်နဲ့ လမ်းခွဲသွားရသလား”

“ဒေါ်ရွှေအိမ်က ခင်လေးကို လမ်းသုံးဆယ်ထဲက မိတ်တွေ အိမ်ရှေ့အထိ

ပို့ပေးပြီးမှ ဆေးရုံကို ထွက်သွားတာပါ"

"အော် . . .လမ်းသုံးဆယ်ထဲမှာ ခင်လေးတို့မိတ်ဆွေ ရှိတယ်လား။ ဘယ်သူများ ပါလိမ့်။ အဲဒီ လမ်းမှာ ကိုယ်မသိတဲ့လူ ကတော့ အရှားသားဘဲ"

"ဒေါ်မေကျော့ယဉ်ပါ"

"ဘာ . . ဘယ်လို"

ထိုက်စိုးမောင်၏ မျက်နှာသည် ခင်လေးဘက်သို့ ချာကနဲ လှည့်လာ၏ ။

ခင်လေး ကတော့ တည်ငြိမ်အေးဆေးသော အသွင်ကလေးဖြင့် ထိုက်စိုးမောင်ကို တုန့်ပြန် ကြည့်ရှုလိုက်၏ ။

"ဒီမှာ ဦးထိုက်စိုးမောင်၊ ရှင် ဒေါ်လေးကျော့ကိုကောသိမှာ ပေါ့နော်"

"သိပ်သိတာပေါ့"

"ဒါဖြင့် သူခု ဘယ် ပြောင်းသွား သလဲဟင်"

"မင်း . . .သူ့အိမ်ကို သွားချင်လို့လား"

"ဟုတ်တယ်၊ အဓိကက သူ့အိမ်ကိုသွားဖို့ ခင်လေးရန်ကုန်ကို ရောက်လာခဲ့တာပဲ"

"ခု သွားမလား"

"ဟုတ်ကဲ့ . . . ဖြစ်နိုင်ရင် ခင်လေးသူနဲ့ အရင်တွေ့ချင်ပါတယ်။ ဒေါ်ရွှေအိမ်ဆီ နောက်မှ သွားမယ်။ ဒေါ်ရွှေအိမ်က ဆေးရုံမှာ ကြာမှာ ၊ သူအမက သိပ်အသဲအသန် ဖြစ်နေလို့ရှင့်"

"ကောင်းပြီလေ ပို့ပေးပါမယ်"

"သူက ဘယ်ကို ပြောင်းသွာတာလဲ"

"ကမာရွတ် သုခလမ်းထဲမှာ ပါ"

"အင်း . . . ဟိုလူကြီးပေးတဲ့ လိပ်စာအတိုင်းပါဘဲလား" ဟု ခင်လေးသည် ဝမ်းမြောက် ဝမ်းသာ ဖြစ်သွားမိပေ၏ ။

တဖြည်းဖြည်းနှင့် ကားသည် ဦးဝိစာရလမ်းသို့ ရောက်ရှိလာ၏ ။

ခင်လေးသည် သူ၏ ဘေးဘီဆီသို့ လေ့လာမှတ်သားရင်း လိုက်ပါလာလျက်ရှိ၏ ။

"ဒါနဲ့ ခင်လေးကို မေးရဦးမယ်၊ နောင်လတ်နဲ့ ဘယ်လို သိကြတာလဲ"

"ခင်လေးနဲ့သူ မသိပါဘူး"

"ဟာ . . . မဟုတ်သေးပါဘူးလေ။ ခင်လေးကို ကိုယ် သူ့အိမ်မှာ မြင်ဘူးခဲ့တာဘဲ"

"မြင်ဘူးတာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ သူနဲ့ခင်လေး အသိအကျွမ်းတော့ မဟုတ်ပါဘူး။ သူ့ကားနဲ့ ခင်လေးတို့စီးလာတဲ့ကား တိုက်မိမလို ဖြစ်ပြီး ခင်လေးတို့ကား လမ်းဘေးကသစ်ပင်ကြီးနဲ့ ဆောင့်မိပြီး ပျက်စီးသွားလို့ သူက အကူအညီပေးတဲ့အနေနဲ့ သူ့အိမ်မှာ တစ်ညတာ တည်းဖို့ ခေါ်သွားတာပါ"

"အော် . . . အော် . . . အကြောင်းက ဒီလိုကိုး"

ထိုက်စိုးမောင်သည် နက်နဲစွာ တစ်ချက်ပြုံး ရင်း ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်၏ ။ ထို့နောက်ပိုင်းတွင် တော့ သူသည် ခင်လေးကို မေးခွန်းများ မထုတ်တော့ပါ။ ကား နောက်ကြည့်မှန် ထဲမှသာ ခင်လေး၏ နထွေးလှပသော မျက်နှာကလေးကို မကြာခဏဆိုသလို ကြည့်နေ၏ ။

ခင်လေး ကတော့ ထိုက်စိုးမောင်၏ ခိုးကြောင်ခိုးဝှက်အကြည့်များ ကို သတိမပြု မိရှာဘဲ လမ်းဘေးများ ဆီသို့ ငေးမောကြည့်ရင်း မကျော့ယဉ်ထံ ရောက်လိုစိတ်များ သာ အာသာဆန္ဒ ပြင်းပြ၍ နေရှာ၏ ။

သို့နှင့် ကန်တော် မင်ပန်းခြံကိုလွန်၍ ကားသည် ရွှေတိဂုံစေတီကြီး၏

တောင်ဘက်မုခ်ကို ဖြတ်စပြုလာ၏ ။

“ဟယ် . . . ဟယ် . . . ဦးထိုက်စိုးမောင် ဒါရွှေတိဂုံစေတီတော် ကြီးနော်”

ရုတ်တရက် မြူး ကြွသွားသော ခင်လေး၏ ဟန်သည် အပြစ်မဲ့သော ခလေး တစ်ယောက် ကဲ့သို့ ရှိလှပေ၏ ။

“ဟုတ်တယ် ခင်လေး ရွှေတိဂုံစေတီတော် ကြီးဘဲ”

ခင်လေးသည် သွယ်ပျောင်းသော လက်ချောင်းကလေးများ ကို ပူး၍ လက်အုပ်ချီကာ ဖူးမျှော်ကြည်ညိုလိုက်မိ၏ ။

“ဘုရားတပည့်တော် မ လိုရာခရီးကို ချောမောစွာ ရောက်ရှိရပါစေဘုရား”

ခင်လေးသည် ရွှေတိဂုံစေတီတော် ကြီးကို ကားကဖြတ်ကျော်၍ လွန်လာပြီ ဖြစ်သော်လည်း နောက်သို့ လည်ပြန်ကြည့်ရင်း ကြည်ညိုမဆုံးရှိနေ၏ ။

ဦးဝိစာရလမ်းမကြီးပေါ်ရှိ တစ်ခုသော ခြံဝင်းကျယ်ကြီးရှေ့သို့ ရောက်လျှင် ထိုက်စိုးမောင် သည် ကားကိုအရှိန်လျှော့ကာ ဂိတ်ပေါက်ထဲသို့ ချိုးဝင်လိုက်၏ ။

“ဒါ . . . ဒေါ်လေးကျော့အိမ်လား”

ခင်လေးက လှမ်း၍ မြင်နေရသော တိုက်ပုကလေးတစ်လုံးဆီသို့ ကြည့်ရင်း မေးလိုက် သည်။

ထိုက်စိုးမောင်သည် အင်မလုပ် အဲမလုပ်ဘဲ ကားကိုဆင်ဝင်အောက်သို့ ဆက်မောင်းလာပြီး စက်ရပ်လိုက်၏ ။

သူသည် ကားပေါ်မှအရင်ဆင်းလိုက်ပြီး ခင်လေးအတွက် နောက်ခန်းတံခါးကို ဖွင့်ပေး လာ၏ ။

ဆင်းလေ ခင်လေး”

ခင်လေးသည် ကြောင်တက်တက် အမူအရာကလေးနှင့်

အိမ်ဝင်တံခါးမကြီးဆီသို့ လှမ်းကြည့်ရင်း ကားပေါ်မှ ဆင်းလိုက်၏ ။

တံခါးမကြီး၏ သံပန်းတံခါးကို အသက်အစိတ်ခန့်ရှိမည့် မဲမဲပုပု အမျိုးသားတစ်ဦးက ဖွင့်ပေး ၏ ။

ယင်းအမျိုးသားသည် ထိုက်စိုးမောင်၏ နောက်တွင် ကပ်၍ ပါလာသော မိန်းကလေးကို တွေ့ရလျှင် ဝါကျင်ကျင်သွာမများပေါ်အောင်ပြုံး ရင်း ကိုယ်ကိုယို့ပေးလိုက် ၏ ။

သူ့အပြုံး က အဓိပ္ပာယ်ကောက်ရလွယ်လှ၏ ။

ခင်လေးသည် လှမ်းနေသော ခြေလှမ်းကိုတုံ့ကာ နေရာတွင် ရပ်လိုက်သည်။

"ဦးထိုက်စိုးမောင် ဒါ ဒေါ်မေကျော့ယဉ်ရဲ့ အိမ် ဟုတ်မှ ဟုတ်ရဲ့ လားဟင်"

ထိုက်စိုးမောင်က အချိုသာဆုံးမျက်နှာဖြင့် ခင်လေးဘက်သို့ ကြည့်ကာ ရပ်လိုက်၏ ။

"ဒါ ကိုယ့်အိမ်ပါ"

"ရှင် . . ."

ခင်လေးခမြာ တုန်လှုပ်သွားရှာ၏ ။

"အို . . . အို မကြောက်ပါနဲ့။ ခင်လေးကို ရောက်တုံးပေါက်တုံး ကိုယ့်အိမ်ရောက်ဖူးတယ်ရှိ အောင် ခေါ်လာခဲ့တာပါ။ လာပါ ခင်လေးရဲ့ အအေးကလေးတစ်ခွက်လောက်သောက်ပြီး ခရီးဆက် ကြတာပေါ့။ ဟော့ . .. မောင်ပါ လိမ္မော်ရည် နှစ် ခွက်ခပ်အေးအေးကလေးဟော့"

"ဟုတ်ကဲ့ ဆရာ"

အမျိုးသားက အတွင်း ခန်းတစ်ခုဆီသို့ လှည့်ဝင်ပျောက်ကွယ်သွား၏ ။

"လာလေ ခင်လေး"

နေရာတွင် ကျောက်ချသလို ရပ်မြဲရပ်နေသော ခင်လေးကို ထိုက်စိုးမောင်က

ခေါ်လိုက် သည်။

ခင်လေးသည် ဦးခေါင်းကလေး ရမ်းခါပြရင်း ထိုက်စိုးမောင်၏ မျက်လုံးများ ထဲသို့ ထွင်းဖောက်ကြည့်ရှုမိလိုက်၏ ။

အရောင် တွေ က လက်ပါဘိသနဲ့။

“ဒီမှာ ဦးထိုက်စိုးမောင်။ ခင်လေးမှာ ဒေါ်မေကျော့ယဉ်နဲ့ တွေ့ဖို့ အရေးကြီးနေပါတယ်။ ရှင့်အိမ်ကို နောင်များ မှ ခင်လေးလာပါရစေ၊ ခုတော့ ခင်လေးသွားလိုရာခရီးကို ဆက်ပို့ပေးပါရှင်”

ခင်လေးသည် အသံကိုမတုံအောင် ထိန်းချုပ်ရင်း ဣန္ဒြေရရကလေး ပန်ကြားလိုက်၏ ။

“ခင်လေးကလဲ ခဏလေးဉစ္စာကို လာပါ။ ဟိုမှာ မောင်ပါက လိမ္မော်ရည်ပုလင်းတောင် ဖောက်နေပြီ”

“ဟင့်အင် . . . ခင်လေး လိမ္မော်ရည်လဲ မကြိုက်ပါဘူး။ ဦးထိုက်စိုးမောင်ဘဲ သွားသောက် ပြီး ပြန်ထွက်လာခဲ့ပါ။ ခင်လေးကားပေါ်က စောင့်နေပါ့မယ်”

ခင်လေးသည် ထိုက်စိုးမောင်၏ တုန့်ပြန်စကားကို စောင့်မနေတော့ဘဲ ကားဆီသို့ ခြေဦးကို ပြန်လှည့်လိုက်၏ ။

ထိုက်စိုးမောင်က လျင်လှသည်။

စားနေကြ ကြောင်ပါးပေကိုး။

သူ့လက်တစ်ဖက်ကို ကြမ်းတမ်းစွာ ဆွဲလိုက်မှု ကြောင့် ခင်လေး၏ ကိုယ်လုံးကလေးသည် နောက်သို့ ချာကနဲလှည့်လာ၏ ။

ဝိုင်းဝိုင်းလည်အောင် ပြူး နေသော မျက်လုံးကလေးတစ်စုံနှင့် ဆန္ဒရမက်လွှမ်းကဲနေသော မျက်လုံးတစ်စုံတို့ ဆုံစည်းသွားမိကြ၏ ။

“ရှင် . . .ရှင် . . . .ဒါ ဘာလုပ်တာလဲ”

“မင်းကို ချိုချိုသာသာ ခေါ်လို့မှမရတာ ဘဲ”

ထိုက်စိုးမောင်၏ မျက်နှာပေါ်တွင် အပြုံး စများ ပျောက်ကွယ်နေ၏ ။

“ရှင် . . .လွှတ်နော် . . . လွှတ်ဆိုလွှတ်၊ ဒီလိုမယုတ်မာနဲ့”

ခင်လေးက ရုန်း၏ ။

သူက တစ်ကိုယ်လုံးကို ထိန်းချုပ်ဖို့ရာ ကြိုး စားနေ၏ ။

သူတို့နှစ် ဦး၏ ပဋိပက္ခသည် အများ အမြင်မှာ တော့ အမြင်မတော် စရာ။

ရုတ်တရက် ခင်လေးသည် ထိုက်စိုးမောင်၏ လက်မောင်းတစ်ဖက်ကို ကုန်းကိုက်ပစ်လိုက် သည်။

“အား . . .”

အသဲခိုက်အောင် နာကျင်သွားမှု ဘက်သို့ ထိုက်စိုးမောင်၏ အာရုံကူး ပြောင်းသွား သည်နှင့် တစ်ပြိုင်နက် ခင်လေးသည် ခွန်အားရှိသရွေ့ ရုန်းထွက်လိုက်မိ၏ ။

ခင်လေး အနှောင်အဖွဲ့မှ ကင်းလွတ်သွားသည်။

ထိုက်စိုးမောင် တစ်ယောက် ကြောင်သွားစဥ် ခင်လေးသည် ခြေဦးတည့်ရာသို့ လှစ်နေ အောင် ပြေးထွက်ခဲ့တော့၏ ။

သူသည် လမ်းမကြီးပေါ်သို့ ရောက်လာခဲ့သည့်တိုင် ပြေးမြဲသာ ပြေးနေမိ၏ ။

♥ ♥ ♥

ရှစ်

နောင်လတ်သည် ခင်လေး၏ နုထွေးသော ရုပ်လွှာကလေးကို မြင်ယောင်လာမိလေတိုင်း ရင်ထဲတွင် မချင့်မရဲ ဖြစ်၍ နေမိလေ၏ ။

ချစ်သော ညီငယ်ကို အကြောင်းပြု၍ ရန်ကုန်သို့ အားချင်းဆင်းလာခဲ့ရသည် ဖြစ်သော် လည်း ညီငယ့်အရေး ထက် ခင်လေးက သူ့ရင်ကို စိုးမိုး၍ နေ၏ ။

နောင်လတ်သည် ကြာတော့ ကိုယ့်ကိုယ်ကို ဒေါ်ပွ၍ လာမိသည်။

"တောက် . . .ဒီကောင်မလေးကို ဘာလို့များ ငါမတွေ းမိဘဲ မနေနိုင်တယ် မသိဘူး"

နောင်လတ်သည် တက်ခေါက်ရင်း သုန်သုန်မှု န်မှု န် မျက်နှာကြီးဖြင့် ရှေ့တူရူသို့ ကြည့်လိုက် ရာ တစ်ဖက်လမ်းမကြီးအတိုင်း မျက်နှာချင်းဆိုင်ဘက်မှ လွင်နေအောင် ပြေးလာသူ တစ်ဦးကို တွေ ့မြင်လိုက်ရ၏ ။

ဖြူလွှင်သော ထိုသဏ္ဍာန်သည်လည်းကောင်း။

ဆင်ယင်ထားသည့်အဝတ်အထည်သည်လည်းကောင်း မှာ းနိုင်စရာမရှိသော ကြောင့် သူသည် ကားကို ဒက်စတော့အုပ်ပစ်လိုက်၏ ။

"ခင်လေး"

သူသည် ကားပေါ်မှ လွှားကနဲဆင်းကာ တစ်ဖက်လမ်းဆီသို့ ပြေးကူးလိုက်၏ ။

"ခင်လေး . . . ခင်လေး"

ခြေလှမ်းသုံးဆယ်မျှ အကွာတွင် ခင်လေးသည် တန့်ကနဲ ရပ်သွား၏ ။

"ဟင် . . . အစ်ကိုနောင်လတ်"

ဝေ့ကနဲ လည်သွားသော ဦးခေါင်းကို လက်နှစ် ဖက်ဖြင့် ကိုင်ရင်း ခင်လေးသည် ရင်တုန် ပန်းဟိုက်၍ နေရှာ၏ ။

"ခင်လေး . . . ခင်လေး"

နောင်လတ်သည် ခင်လေး၏ ပခုံးနှစ် ဖက်ကို ဆုပ်ကိုင်ကာ လှုပ်ခါလိုက်၏ ။

“အစ်ကို . . . အစ်ကိုနောင်လတ်”

“မင်း . . .မင်း . . . ဘာ ဖြစ်လာတာလဲဟင်၊ ဘာလို့ ပြောလာတာလဲ”

ခင်လေးမှာ ဖြေနိုင်အား မရှိတော့ပါ။

မျက်ရည်ပေါက်ကြီးများ ကျကာ အလွန်အမင်း မောဟိုက်နေရှာ၏ ။

“လာ . . . လာ . . .ခင်လေး”

သူက တွဲ ခေါ်လိုက်သည်တွင် ခင်လေးသည် မငြင်းမဆန် မရုန်းမကန်ဘဲ ယိုင်ထိုးနေသော ကိုယ်ကလေးဖြင့် လိုက်ပါလာရှာ၏ ။

နောင်လတ်သည် ကားဆီသို့ ရောက်လျှင် ခင်လေးကို ရှေ့ခန်းပေါ်သို့ ဖေးမ၍ တင်ပေး လိုက်သည်။

ခင်လေးသည် အမောအဟိုက်များ ဖြင့် သီးထန်စွာ ငိုကြွေးနေ၏ ။

သည်အချိန်တွင် မေးခွန်းထုတ်လျှင် အပိုဘဲမို့ နောင်လတ်သည် ရင်မောဟန်ဖြင့် သူ့ကို တစ်ချက် ကြည့်ရင်း ကားစက်နှိုးလိုက်သည်။

သည်လူ တစ်ယောက် ခေါ်ဆောင်ရာနောက်သို့ တော့ ခင်လေး အကြွင်းမဲ့ယုံကြည်စိတ်ချစိတ်ဖြင့် လိုက်ပါလာပေ၏ ။

ကားသည် တရိပ်ရိပ်ပြေးနေ၏ ။

ရွှေတိဂုံစေတီတော် ကြီးကို ဒုတိယအကြိမ် တွေ့ရပြန်သည်။

ကန်တော် မင်ရှေ့မှလည်း ဖြတ်ရပြန်သည်။ သည်နေရာမှကျော်လွန်လာပြီး ဆယ်မိနစ်ခန့် ကြာလျှင်တော့ ကားသည် ယောက် လမ်းထဲသို့ ချိုးကွေ့၍ ဝင်လာ၏ ။

တစ်ခုသော ခြံဝင်းကျယ်ကြီးဆီသို့ ရောက်ရပြန်သည်။

သည့်ခြံဝင်းကြီးထဲတွင် ခေတ်မီ နှစ် ထပ်တိုက်ကြီးတစ်လုံးက ခန့်နားထည်ဝါခန့်ငြားစွာ ရပ်တည်နေ၏ ။

မြင့်မားလှပသော ဆင်ဝင်ကြီးအောက်တွင် နောင်လတ်က သူ့ကားကို ထိုးရပ်လိုက်၏ ။

သည့်အချိန်တွင် ခင်လေးသည် အရှိုင်အငင်များ ရပ်တန့်ကာ ငေးကြောင်ကြောင်ကလေး ရှိနေပြီ ဖြစ်၏ ။

"ခင်လေး . . . ဆင်းလေ၊ ဒါ ဒို့အိမ်ဘဲ"

ခင်လေး ကားပေါ်မှဆင်းလိုက်သည်။

"သူ့မှာ အိမ်တွေ ဘယ်နှစ် အိမ်များ ရှိနေတယ် မသိဘူး"

ယင်းသို့ ခင်လေးတွေးရင်း တွန့်ဆုတ်ဆုတ် ဖြစ်နေမိ၏ ။

ခင်လေး၏ မျက်နှာကို ကြည့်ရုံနှင့် သူ့ရင်ထဲက ခံစားချက်ကို နောင်လတ်သည် ထွင်းဖောက်သိမြင်လိုက်မိ၏ ။

သူက အပြုံး သဲ့သဲ့ တစ်ချက်ဖြင့် ခင်လေးကို ကြည့်ရင်း ခေါင်းကို ဆတ်ကနဲ ညိတ်လိုက်၏ ။

"အိမ်ထဲမှာ ဖေဖေတို့ ဒေါ်ထယ်တို့ ရှိပါတယ် ခင်လေး"

ခင်လေးခမြာ မလုံမလဲ ဖြစ်သွားရှာ၏ ။

ဖြူဥသော မျက်နှာကလေး ရဲကနဲ နီကာ ငုံ့လျှို၍ သွားသည်။

နောင်လတ်က အိမ်ထဲသို့ ဝင်ရန် စတင်၍ ခြေလှမ်းလိုက်သဖြင့် ခင်လေးက နောက်မှ ခြေလှမ်းခွာကာ လိုက်ခဲ့၏ ။

နောင်လတ်သည် ပိတ်ထားသော သံပန်းတံခါး လှလှခန့်ခန့်ကြီးရှေ့တွင် ရပ်လိုက်ပြီး လူခေါ်ခေါင်းလောင်းဖုကလေးကို နှိပ်လိုက်သည်။

ခေါင်းလောင်းမြည် သံနှင့် မရှေးမနှောင်းတွင် အတွင်း ခန်းတစ်ခုဆီမှ အမျိုးသမီးကြီးတစ်ဦး ပြေးထွက်လာ၏ ။

"ဟဲ့ နောင်နောင် . .. ကားသံကြားလိုက်ကတည်းက မင်းဘဲလို့ ထင်လိုက်သား"

အမျိုးသမီးကြီးက စကားပြောရင်း တံခါးကို ဖွင့်ပေး၏ ။

"ညီညီနဲ့ တွေ့ချင်လို့ ဒီနေ့ ပြန်ဆင်းလာတာ ဒေါ်ထယ် . . . ဖေဖေကော"

"အစ်ကိုကြီး အပြင်ခဏထွက်သွားတယ်ကွဲ့"

ဒေါ်ထယ်မည် သော အဒေါ်ကြီးက နောင်လတ်နောက် ကပ်၍ ပါလာသော မိန်းကလေးကို စူးစမ်းသော မျက်လုံးများ ဖြင့် ကြည့်ရင်း အဖြေပေးလိုက် ၏ ။

"လာ . . .ခင်လေး"

ခင်လေးသည် အမျိုးသမီးကြီးထံ တစ်ချက်ကြည့်လိုက်ပြီး မျက်လွှာကလေးချကာ အိမ်ထဲသို့ ဝင်လိုက်သည်။

"ထိုင်ပါ ခင်လေး"

ခန့်ခန့်ထည်ထည်ရှိလှသော ဆိုဖာကြီးတစ်လုံးပေါ်တွင် ခင်လေး ထိုင်လိုက်ရသည်။

နောင်လတ်ကလည်း သူနှင့် မျက်နှာချင်းဆိုင် ခုံတွင် ဝင်ထိုင်လိုက်ပြီး သူတို့နှင့် မနီးမဝေး နေရာတွင် ရှိနေသော အဒေါ်ကြီးကို ကြည့်လိုက်သည်။

"ဒေါ်ထယ် . . . အအေးတစ်ခုခု လုပ်ပေးပါဗျာ"

"အေး . . . အေး . . ."

အမျိုးသမီးကြီးသည် ဧည့်ခန်းထဲမှ ပြန်လည်ထွက်ခွာသွား၏ ။

ခင်လေးသည် တစ်သက်နှင့် တစ်ကိုယ် မမြင်ဘူး မတွေ့ဘူးသော လူကုံထံ စည်းစိမ်ရှင်တို့ ၏ နေအိမ်အခင်းအကျင်းများ ကို ဟိုကြည့်သည်ကြည့် သုံးသပ်နေမိ၏ ။

စိတ်ထဲတွင် လည်း ကြိတ်၍ 'ပဲခူးက အိမ်ကြီးက အခင်းအကျင်းတွေ က တစ်မျိုး၊ ဒီအိမ် ကျပြန်တော့ တစ်မျိုး၊ သူတို့များ တော့ ချမ်းသာလိုက်တာ လွန်ပါရော' ဟု မှတ်ချက်ချ၍ နေမိပေ၏ ။

နောင်လတ်သည် ခင်လေး၏ မျက်နှာကလေးကို အတန်ကြာအောင် စူးစိုက်ကြည့်နေပြီးမှ စီးကရက်တစ်လိပ်ကို ဗူးထဲက ထုတ်ယူရင်း စကားစလိုက်သည်။

"ခင်လေး"

"ရှင် . . ."

ခင်လေးသည် ပတ်ဝန်းကျင်သို့ စိတ်ဝင်စားနေရာမှ ကိုယ်ကလေး တွန့်ကနဲ ဖြစ်သွားကာ နောင်လတ်ဘက်သို့ ချာကနဲ လှည့်လာ၏ ။

"မင်းတို့ မနက်က ဘာ ဖြစ်လို့ လစ်သွားကြတာလဲ"

"ရှင် . . .ခင်လေး . . . ခင်လေးတို့ လစ်သွားတာ မဟုတ်ပါဘူး။ ကိုယ်သွားရမဲ့ခရီးကို မထွက်မ ဖြစ်လို့ ထွက်လာခဲ့တာပါရှင်"

"အိမ်ရှင်ကိုတော့ နှုတ်ဆက်ဖို့ ကောင်းတာပေါ့"

ခင်လေး နှုတ်ဆိတ်သွားသည်။

လက်ချောင်းကလေးများ ကို ချိုးရင်း ငြိမ်နေ၏ ။

"ကဲပါလေ . . .ဒါကို ထားပါ၊ ခုနက ခင်လေး ဘာ ဖြစ်လာတာလဲ ဒေါ်ရွှေအိမ်ကော ဘယ်မှာ လဲ၊ မင်းကို ရန်ကုန်ခေါ်လာပြီး ရောင်းစားများ သွားသလား . . . ဟင်"

ခင်လေးသည် ပင့်သက်ရှိုက်ရင်း ဦးခေါင်းကလေးပြန်ထောင်လာကာ နောင်လတ်ကို ကြည့်လာ၏ ။

"ဒေါ်ဒေါ်ရွှေအိမ် ခင်လေးကို ရောင်းစားဖို့ ရန်ကုန်ကို ခေါ်လာတာ

မဟုတ်ပါဘူးရှင်။ ခင်လေးက လိုက်ချင်လွန်းလို့ ခေါ်လာခဲ့တာပါ”

“ဒါဖြင့် သူ ခု ဘယ်မှာ လဲ၊ ခင်လေးကော ဘာ ဖြစ်လို့ လမ်းပေါ်မှာ ရှောက်ပြေးနေတာလဲ”

“ခင်လေး . . . ခင်လေး . . .”

ခင်လေးသည် စကားလုံးကလေးများ ထစ်ငေါ့စွာ ဖြင့် နောင်လတ်အား မိမိ၏ ဖြစ်ကြောင်း ရယ်မှ ကုန်စင်ကို ဖွင့်ဟပြောကြားလိုက်မိ၏ ။

သူသည် ထိုက်စိုးမောင်၏ အကြောင်းကို အမှန်အတိုင်းဖွင့်ပြောခဲ့သော် လည်း သူ့စကား များ ထဲတွင် မေကျော့ယဉ်၏ အမည် ကိုတော့ ဖျောက်၍ ထားနေ၏ ။

နောင်လတ် တစ်ယောက် ညီညီဇော်ကိစ္စဖြင့် မေကျော့ယဉ်ကို အမုန်းကြီးမုန်းနေကြောင်း ပဲခူးက အိမ်တွင် နားနှင့် ဆတ်ဆတ်ကြားခဲ့ရသည်မဟုတ်ပါလား။

♥ ♥ ♥

“တောက်”

နောင်လတ်သည် တက်တစ်ချက်ပြင်းစွာ ခေါက်ရင်း ထိုင်ရာမှ ဝုန်းကနဲ ထရပ်လိုက်သည်။

ခင်လေးပင်လျှင် သူ၏ သုန်မှု န်သော အမူအရာကို ကြည့်ကာ တုန်လှုပ်သွားမိရှာသည်။

ချောင်ပိတ်မိနေသော ကြွက်ကလေး တစ်ကောင်၏ မျက်လုံးကလေးများ ကဲ့သို့ ခင်လေး၏ မျက်လုံးအစုံသည် ပြူး ဝိုင်းနေ၏ ။ အရည်တွေ လဲ့စိုနေ၏ ။

“ဒီကောင် တယ်မိုက်ရိုင်းပါလား၊ ခု အိမ်မှာ လား”

"အို . . .အို . . . ခင်လေးအတွက်နဲ့ ပဋိပက္ခမ ဖြစ်ကြပါနဲ့ရှင် . . .၊ ခင်လေးလဲ ဘာမှ ဖြစ်ခဲ့ တာမဟုတ်ဘဲ"

"မင်း ကံကောင်းလို့ သူ့လက်က လွတ်ခဲ့တယ်ဆိုတာကော သိရဲ့ လား"

"ဟုတ် . . .ဟုတ်ကဲ့"

ထိုက်စိုးမောင်အပေါ် ရှိန်းရှိန်တောက် တက်လာမိသော ဒေါသမီးသည် ခင်လေး၏ အလွန် အမင်း ကြောက်ရွံ့လှုပ်ရှားနေသော မျက်နှာကလေးကို မြင်တွေ့လိုက်ရသော ကြောင့် တဖြေးဖြေး အညွန့်ကျိုး၍ ကျလာ၏ ။

သည်အခိုက်မှာ ပဲ ဒေါ်ထယ်သည် ဖျော်ရည်ခွက်နှစ် ခွက်ထည့်ထားသော ယွန်းလင်ဗန်းကို ကိုင်ဆောင်ကာ ဧည့်ခန်းထဲသို့ ရောက်ရှိလာသည်။

နောင်လတ်သည် သူ့စိတ်ကို ချိုးနှိမ်ရင်း ကုလားထိုင်တွင် ပြန်ထိုင်ချလိုက်သည်။

ဒေါ်ထယ်သည် ဖျော်ရည်ဖန်ခွက်တစ်ခွက်ကို နောင်လတ်ရှေ့တွင် ချပေးပြီး တစ်ခွက်ကို ခင်လေးရှေ့တွင် ချကာ အိမ်ခန်းထဲသို့ ပြန်ဝင်သွားပြန်သည်။

"ဒီမှာ အစ်ကိုနောင်လတ်ရယ်၊ ခင်လေးကို တဆိတ်လောက် ကူညီပါ။ ခင်လေး ကမာရွတ် ကို ခသွားချင်တယ်"

"သံပုရာရည် သောက်လိုက်လေ။ ပြီးတော့ . . . ဒို့လိုက်ပို့ပေးမယ်"

ခင်လေးက မျက်လုံးမျက်ဆံပြူး ၍ လက်ကာပြလိုက်၏ ။

"အို . . . နေပါစေ . . .နေပါစေ။ အစ်ကိုနောင်လတ် ကိုယ်တိုင် မပို့ပါနဲ့။ စိတ်ချရတဲ့ လူတစ် ယောက် နဲ့ ခင်လေးကို ပို့ပေးပါ"

"ဘာ ဖြစ်လို့လဲ"

နောင်လတ်က ရှုတည်တည်ကြီးဖြင့် မေးလိုက်သည်အခါတွင် ခင်လေးခမျာ ခေါင်းကလေး ငုံ့ဆင်းသွားရှာ၏ ။

"အာ . . . ဟို . . .ခင်လေးဘာသာ ခင်လေး သွားချင်လို့ပါ"

"မင်းက သိပ်လျှို့ဝှက်ပါလား ခင်ေးလေ။ မင်းမှာ ဘာတွေ များ လျှို့ဝှက်စရာတွေ ရှိနေလဲ ဟင်။ မင်း ကင်းပိုင်ကျွံရွာက တောသူမ အစစ်ကလေးဆိုတာ ယုံရမှာ တောင် ခပ်ခက်ခက်ပဲ"

"ဟို . . . ခင်လေး လျှို့ဝှက်တာ မဟုတ်ပါဘူးရှင်။ ခင်လေးလို အညတြ တစ်ယောက် ရဲ့ အကြောင်းကိုလဲ ကိုနောင်လတ်တို့လို ဂုဏ်သရေရှိလူကြီး တစ်ယောက် က သိစရာလဲ မလိုပါဘူး။ ခင်လေးဟာ ကင်းပိုင်ကျွံရွာသူ တစ်ယောက် စစ်မစစ် ဆိုတာကိုတော့ စုံစမ်းကြည့်ရင် အစ်ကို နောင်လတ် သိနိုင်တာဘဲ။ လူတစ်ဦး တစ်ယောက် မပြောချင်တဲ့ကိစ္စတစ်ခုကို အတင်းမေးရင် ရိုင်းရာကျမှာ ပေါ့ရှင်"

"မင်း သိပ်စကားတတ်တယ်။ ကဲပါလေ. . . မင်းမပြောချင်လဲ ရပါတယ်။ ဒို့က မင်းကို ကူညီချင်တဲ့ဆန္ဒတစ်ခုနဲ့ မေးနေမိတာပါ။ မင်းမကြိုက်ရင်လဲ ဆက်မမေးရုံပေါ့။ မင်းသွားချင်တဲ့ နေရာကို ဒို့အဖေရဲ့ ယာဥ်မောင်းနဲ့ လွှတ်ပေးပါ့မယ်။ ဘယ်နယ်လဲ"

"ကျေးဇူးတင်ပါတယ်ရှင်"

နောင်လတ်သည် ဦးခေါင်းကို ဆတ်ကနဲ ညိတ်လိုက်ပြီး အခန်းတစ်ခုထဲသို့ ဝင်ရောက် ပျောက်ကွယ်သွား၏ ။

ဆယ့်ငါးမိနစ်ခန့်ကြာလျှင် သူနှင့် ရွယ်တူရှိမည့် အမျိုးသားတစ်ဦးနှင့် ယှဥ်ကာ ပြန်ထွက်လာ ၏ ။

"ကဲ . . . ကိုသိန်းအောင်၊ ဒီအမျိုးသမီးသွားချင်တဲ့ နေရာကို အစ်ကို့ကားနဲ့ လိုက်ပို့ပေး လိုက်ပါ"

"ဟုတ်ကဲ့ . . . ကိုနောင်"

"ကဲ ခင်လေး သံပုရာရည်သောက်လိုက်ပါဦးလေ။ ပြီးတော့ သွားပေါ့"

ခင်လေးသည် မငြင်းမဆန်ပင် သံပုရာရည်ကို သောက်ချလိုက်၏ ။

"ခင်လေး သွားမယ်"

ဖန်ခွက်ကို ပြန်ချရင်း ခင်လေး ထရပ်လိုက်သည်။

နောင်လတ်သည် ယာဉ်မောင်း ကိုသိန်းအောင်အား 'လိုက်ပို့လိုက်ပါ' ဟူသော သဘောဖြင့် မေးတစ်ချက် ဆတ်ကနဲ ထိုးပြလိုက်၏ ။

ကားရှေ့ခန်းတွင် ထိုင်မိပြီးကာမှ ခင်လေးသည် မျက်လုံးရွှဲကြီးများ ဖြင့် နောင်လတ်အား လှည့်ကြည့်ဖော်ရလာသည်။

နောင်လတ်သည် သံပန်းတံခါးကြီး၏ အဝတွင် ရပ်ရင်း ခင်လေးအား စူးရှနက်မှော င်နေ သော မျက်လုံးများ ဖြင့် လှမ်းကြည့်နေ၏ ။

မျက်နှာထားကြီးကလဲ တည်ကြည်လျက် . . .

မကြာမီ ကားသည် ဆင်ဝင်အောက်မှ စတင်ထွက်ခွာသွား၏ ။

နောင်လတ်သည် သူ၏ လင့်ရိဘာကား မြင်ကွင်းထဲမှပျောက်ကွယ်သွားသည့်အထိပင် နေရာတွင် ပင် ငိုင်တွေ ၍ နေမိပေ၏ ။

"အော် . . . ပဟေဠိဆန်လိုက်တဲ့ ခင်လေးရယ်"

♥♥♥

ကိုး။

"ဘယ်ကို မောင်းပေးရမှာ လဲ အစ်မလေး"

"ကမာရွတ်ကိုပါ"

"ကမာရွတ် ဘယ်နားလဲ၊ လှည်းတန်းလား"

"ရှင် . . . မဟုတ်ပါဘူး။ သုခလမ်းနဲ့ အနီးဆုံးနေရာကို ပို့ပေးပါ"

"သုခလမ်းအထိဘဲ ပို့ပေးမယ်လေ။ ကမာရွတ်ရောက်မှတော့ မဝေးတော့ပါဘူး"

"အို နေပါစေ . . . နေပါစေ၊ လမ်းထိပ်လောက်ဘဲ ပို့ပေးပါ"

ခင်လေးက ပြာပြာသလဲ ပြောလိုက်၏ ။

ယာဉ်မောင်းကလည်း ထပ်တွန့်မတက်တော့ဘဲ ကားကိုသာ ဂရုစိုက်၍ မောင်းလာတော့ သည်။

"အင်း . . . ဟိုရောက်မှဘဲ ဒေါ်လေးကျော့နာမည် ကို မေးစမ်းပြီး သွားရတော့မှာ ပဲ။ မတွေ့ တဲ့အဆုံးကျရင်တော့ ငါအစ်ကိုနောင်လတ်ဆီပြန်ပြီး အကူအညီတောင်းတော့မယ်။ ဒီလောက် ဒုက္ခရောက်လှတာ ဒီမှာ မနေဘဲ ဒေါ်ရွှေအိမ်နောက် ပြန်လိုက်တာဘဲ ကောင်းပါတယ်လေ"

ခင်လေးသည် စိတ်ကို ဒုံးဒုံးချဆုံးဖြတ်လိုက်ဟန်ဖြင့် သက်မချရင်း ပတ်ဝန်းကျင်ကို ကြည့်ရှု လေ့လာရင်း လိုက်ပါလာ၏ ။

မိနစ်နှစ် ဆယ်ခန့်ကြာလျှင် ကားသည် ခရီးတစ်ခု၏ အဆုံးဆီသို့ ရောက်ရှိလာ၏ /

ယာဉ်မောင်းကိုသိန်းအောင်က ကားစက်ကို အရှိန်လျှော့ကာ ကားတစ်ဖက်သို့ ဖြတ်ကူးရန် နေရာယူလိုက်သည်။

"ဒါ . . . .သုခလမ်းထိပ်ပဲ အစ်မလေး"

"အို . . . ဟုတ်လား၊ ဒါဖြင့် ဒီထိပ်မှာ ပဲ ရပ်ပေးခဲ့ပါရှင်။ ကျေးဇူးတင်ပါတယ်"

ကိုသိန်းအောင်သည် ကားကို လမ်းတစ်ဖက်သို့ ချိုးကွေ့ပြီး ရပ်တန့်ပေးလိုက် သည်။

"ကျေးဇူးပါပဲ"

ခင်လေး ကားပေါ်မှ သွက်လက်စွာ ဆင်းလိုက်သည်။

ခင်လေး အောက်ရောက်သည်နှင့် တစ်ပြိုင်နက် သူ့တာဝန်ကျေပွန်လေပြီမို့ ကိုသိန်း အောင်သည် ကားဘီးကို စတင်၍ လိမ့်တော့သည်။

ခင်လေးခမျာ ရင်ဝယ်တထိတ်ထိတ်ဖြင့် သုခလမ်းထဲသို့ လျှောက်ဝင်လာမိ၏ ။

လမ်းတစ်ဖက်တစ်ချက်တွင် တိုက်တာအအောက်အအုံတွေ က အစီအရီရှိနေ၏ ။

ဟိုတိုက် ဖြစ်နိုးနိုး သည်တိုက် ဖြစ်နိုးနိုးဖြင့် မှန်းဆလာရင်း ကွမ်းယာဆိုင်ကလေးတစ်ခုဆီသို့ ရောက်လာ၏ ။

ခင်လေးသည် ဆိုင်ရှင် အမျိုးသမီးကြီးထံ ချဉ်းကပ်ကာ မေးမြန်းစုံစမ်းမှု ပြုလိုက်သည်။

'အဒေါ်ရယ် ဒီလမ်းထဲကို ခုတစ်ပတ် နှစ် ပတ်အတွင်း : အိမ်ပြောင်းလာတဲ့သူများ ရှိသလား ဟင်"

အဒေါ်ကြီးက စဉ်းစဉ်းစားစား အမူအရာပြုလိုက်သည်။

"နေဦး . . .နေဦး . . . အဒေါ်တော့ အမှတ်တမဲ့ဘဲ။ သားကို မေးကြည့်ဦးမယ်။ ဟဲ့ . . .ဖိုးတုတ် . .. ဖိုးတုတ်ရေ ခဏလာစမ်း"

ဆိုင်လေးနှင့် မလှမ်းမကမ်းတွင် ဂေါ်လီရိုက်နေသော ဆယ်နှစ်အရွယ်ကလေးသည် ဆိုင်ဆီသို့ အပြေးကလေးရောက်ရှိလာ၏ ။

"ဘာလဲ အမေ"

"ခုတလော ဒို့လမ်းထဲကို အိမ်ပြောင်းလာတာ သား တွေ့မိလား"

'တွေ့မိသားဘဲ။ ဟိုနားက အိမ်ကိုလေ အမေရာ။ မသိဘူးလား၊ ဟို ကိုစံမြတို့ခြံဘေးက တိုက်ပုလေးကိုလေဗျာ"

"ဟုတ်လား၊ အစ်မကို လိုက်ပြပေးပါလား ခလေးရယ်။ အဲဒီ ကို ပြောင်းလာတာ မိန်းမ ချောချော ဖြူဖြူလေး တစ်ယောက် မပါဘူလား ဟင်"

"ဖြူလဲဖြူတယ်၊ ချောလဲ ချောတယ်ဗျ။ သူများ တွေ ကပြောတော့ ရုပ်ရှင်မင်းသမီးဟောင်း တဲ့"

"ဟယ် . . . အေး . . .အေး . . .ဟုတ်တယ်။ သူဘဲ။ အစ်မတွေ ့ချင်တာ သူ့ကိုဘဲ။ လိုက်ပြ ပေးပါလာလား ခလေးရယ်"

" လာလေ . . ."

ခင်လေးသည် ကလေးငယ်၏ နောက်သို့ သွက်လျင်နေသော ခြေလှမ်းများ ဖြင့် လိုက်ပါလေ ၏ ။

မကြာမီ တိုက်ပုကလေး တစ်လုံးရှေ့သို့ ရောက်ရှိလာသည်။

တိုက်ကလေး၏ ရှေ့တွင် ကော့ပျံနေသော ကားကြီးတစ်စင်းလည်း ရပ်တန့်ထားနေ၏ ။

"ဒီအိမ်ဘဲအစ်မ ကျွန်တော် သွားမယ်နော်"

"အေး . . .အေးကွယ်"

ခင်လေးသည် ခလေးငယ်ကို ဖြေကြားပြီး တိုက်ပုကလေး၏ ဝင်းခြံတံခါးကိုဖွင့်ကာ အတွင် း သို့ လှမ်းဝင်လိုက်သည်။

အတွင် းသို့ ခြေချမိသည်နှင့် တစ်ပြိုင်နက် အမွေးစုတ်ဖွားဖွားနှင့် ခွေးဖြူ ပုကလေးတစ် ကောင် ပြေးထွက်လာကာ ကိုက်ခဲတော့မည် ဟန်ဖြင့် တဝေါင်းဝေါင်း စတင်၍ ဟောင်ပါတော့ သည်။

ခင်လေးခမျာ နေရာတွင် ရပ်ကာ ကြောက်စိတ်များ မွှန်ထူသွားရှာ၏ ။

"အောင်မလေး . . . လုပ်ကြပါဦး"

စူးစူးရှရှ အော်လိုက်မိ၏ ။

ခင်လေး၏ အထိတ်တလန့် အော်သံကြောင့် တစ်ယောက် သော သူသည် တိုက်ကလေး ထဲမှ ပြေးထွက်လာ၏ ။

“ဟဲ့ . . . ဟဲ့ . . .မိတိုး၊ လာစမ်း”

“လုပ် . . .လုပ်ပါဦးရှင်၊ ကျွန်မကို ကိုက်တော့မယ်”

ခင်လေးသည် အသံတုန်တုန်ကလေးဖြင့် ထွက်လာသော အမျိုးသမီးကို ပြောလိုက်သည်။

အမျိုးသမီးက ခွေးပုကလေးကို ကောက်ချီ၍ ထိန်းချုပ်ထားပြီး ခင်လေးကို ကြည့်လိုက် သည်။

“ဘာ ဖြစ်လို့ အရမ်းဝင်လာတာလဲ။ ဘယ်သူနဲ့ တွေ့ ချင်လို့လဲ”

‘ကျ . . .ကျမ . . . ဒေါ်မေကျော့ယဉ်နဲ့ တွေ့ ချင်လို့ပါရှင်”

“မမကျော့မအားဘူး။ နောက်နေ့မှ လာတွေ့ ပါလား”

“အို . . . ဒီမှာ ကျွန်မသူနဲ့တွေ့ မှ ဖြစ်မှာ မို့ပါ။ ကျွန်မ သူ့တူမပါ။ ကင်းပိုင်ကျေး ရွာက သူ့တူမ လာတယ်လို့ တဆိတ် ပြောပေးပါရှင်”

“အော် . . .ညီမက မမကျော့ တူမလား။ အို . . .မသိလို့ပါကွယ်။ လာ . . .လာ . . . အိမ်ထဲ ဝင်ပါ။ မမကျော့ကို သွားပြောပေးပါ့မယ်”

အမျိုးသမီးသည် ပျာပျာသလဲ ဖြစ်သွား၏ ။

“ထိုင်ဦးနော်”

ဧည့်ခန်းထဲသို့ ရောက်လျှင် အမျိုးသမီးက ခင်လေးအား ထိုင်စေပြီး အခန်းတစ်ခုထဲသို့ ဝင်ရောက်ပျောက်ကွယ်သွား၏ ။

ခင်လေးက သူ့ဝသီအတိုင်း သူထိုင်နေသော ပတ်ဝန်းကျင်ကို လေ့လာ

သုံးသပ်လိုက် သည်။

ခေတ်မှီ စားပွဲ၊ ကုလားထိုင်၊ အသုံးအဆောင်စသည်တို့ဖြင့် ခင်းကျင်းထားသော မေကျော့ ယဥ်၏ အိမ်သည် အဆင့်အတန်း မနိမ့်လှဟု မှတ်ချက်ချမိ၏ ။

"ညီမ၊ မမကျော့က သူ့အခန်းထဲကို လာခဲ့ပါတဲ့"

ခင်လေးသည် စောစောက အမျိုးသမီးနှင့် အတူ လိုက်ပါလာခဲ့ရာ ပန်းနုရောင် ဇာခန်းဆီး တပ်ထားသော အခန်းအနီးသို့ ရောက်ရှိလာ၏ /

"ဝင်သွားလေ"

အမျိုးသမီးက အခန်းနှင့် မနီးမဝေးတွင် ရပ်တန့်ကာ ခင်လေးကို ပြောလိုက်သည်။

ခင်လေးသည် ဇာခန်းဆီးကို အသာဖယ်ရှား၍ အတွင် းသို့ လှမ်းဝင်လိုက်သည်တွင် လှမြဲ တိုင်း လှနေသော မေကျော့ယဥ် တစ်ယောက် အမျိုးသားတစ်ဦးနှင့် ယှဥ်တွဲ ထိုင်နေသည်ကို တွေ ့လိုက်ရ၏ ။

"ဟယ် . . .ချစ်စုစံ"

"ဒေါ်လေးကျော့"

မေကျော့ယဥ်သည် ခင်လေးထံ ထ,လျှောက်လာကာ ခင်လေး၏ ကိုယ်လုံးကလေးကို ဖက်ထားလိုက်၏ ။

"ကြည့်စမ်း . . . မပြောမဆိုနဲ့။ ချစ်စုစံ ဘယ်လို ရောက်လာတာလဲ"

"ခင်လေးလာမယ့်အကြောင်း ဒေါ်လေးကျော့ဆီ စာထည့်ပါတယ်"

"ဟင် . . .ဟုတ်လား။ ဒါဖြင့် ကျော့ကျော့ ဒီပြောင်းလာတာနဲ့ လွဲသွားပြီထင်တယ်။ လာ . .. . လာ . . . ချစ်စုစံကို မိတ်ဆက်ပေးရဦးမယ်။ ညီညီ . . . ဒါ ကျော့ကျော့ အချစ်ဆုံး သူငယ်ချင်းရဲ့ သမီးကလေး ချစ်စုစံတဲ့။ ချစ်စုစံ၊ ဒါ ကျော့ကျော့ရဲ့

ညီညီတဲ့။ မှတ်ထားနော်”

“ဟုတ်ကဲ့”

ခင်လေးသည် နောင်လတ်၏ ညီ ဖြစ်သူမှန်း ဒက်ကနဲ သိလိုက်သဖြင့် တအံ့တသြလေး ကြည့်နေလိုက်မိသည်။

“ကဲ . . . ထိုင်ပါဦး ချစ်စုစံ ဘယ်လို ဘယ်ပုံ ရန်ကုန်ကို ရောက်လာတာလဲ၊ ဒေါ်ရွှေအိမ် ကော ပါလာလား”

“ပါပါတယ်။ ဒေါ်ရွှေအိမ် ခုအရှေ့ပိုင်းဆေးရုံမှာ ရှိတယ်။ သူ့အစ်မကြီး ဒေါ်ရွှေညွန့် အသဲ အသန် ဖြစ်နေလို့ လာတာ”

“အော် ကြားရတာ စိတ်မကောင်းပါဘူး။ ညနေကျမှ သွားကြည့်ရဦးမယ်”

“ကျော့ကျော့”

ညီညီဇော်က ကြားဖြတ်၍ ခေါ်လိုက်၏ ။

“ဘာလဲ ညီညီ”

“ညီညီ ကလပ် (စ်) သွားတက်လိုက်ဦးမယ်”

“အော် အင်း သွားလေ”

“ညနေ တစ်ခေါက်ပြန်လာခဲ့ဦးမယ်လေ။ ဆေးရုံသွားချင်ရင် ညီညီလိုက်ပို့ပေးမယ်နော်”

“နေပါစေကွယ်”

“ဟင့်အင်း . . .ကျွန်တော် ဘဲ ဆက်ဆက်လာခဲ့မှာ ဘဲ။ ကျော့ကျော့စောင့်နေ”

“ကဲ . . . ကဲ စောင့်နေပါ့မယ်တဲ့ရှင်”

အမျိုးသားသည် အခန်းထဲမှ ထွက်ခွာသွား၏ ။

သူ့ကို မကျော့ယဥ်က တံခါးဝအထိ လိုက်လံပို့ဆောင်ပေးနေ၏ ။

အရပ်အမောင်း မြင့်မြင့်မားမား ကိုယ်လုံးကိုယ်ထည် တောင့်တောင့်တင်းတင်းနှင့် ယောက်ျားပီသသော ညီညီဇော်သည် မကျော့ယဥ်နှင့် အသက်ချင်းစာလျှင် ထက်ဝက်နီးပါး ခန့် ငယ်မည် ဖြစ်သော် လည်း ရုပ်ချင်းယှဥ်လိုက်သည့်အခါတွင် တော့ ဘဝဆုတောင်းကောင်းသော မကျော့ယဥ်ကပင်လျှင် ငယ်နေ၊ နုနေသယောင်ထင်ရပေ၏ ။

ထာဝစဥ် နုပျိုလှပနေသော မကျော့ယဥ်တွင် ဘာဆေးကောင်းတွေ များ ရှိနေလေသည် မသိ။

တင်လွန်းသော သူ့အရွယ်နှင့် လှလွန်းသော သူ့ရုပ်၊ သူ့ခန္ဓာကို ခင်လေးပင်လျှင် ရှုမဝနိုင် ဘဲ ငေးယူနေရပေ၏ ။

“ကြည့်လှချည်လား ချစ်စုစံရယ်”

“ဒေါ်လေးကျော့က ဘယ်တော့ကြည့်ကြည့် သိပ်လှနေတာကိုး”

မကျော့ယဥ်က ခင်လေး၏ အနီးတွင် ပူးကပ်စွာ ထိုင်ချရင်း သဘောကျမိဟန်ဖြင့် တဟင်း ဟင်း ရယ်မောသံပြုလိုက်၏ ။

“ဟုတ်တယ် ဒေါ်လေးကျော့ မေမေရှိတုံးက ဒေါ်လေးကျော့ ဒီအရွယ်ဘဲ၊ ခုလဲ ဒီအရွယ်ဘဲ၊ ဆယ်နှစ် ကွာပြီး မြင်လဲ ဒေါ်လေးကျော့အလှက ရိုးမသွားဘူး”

“ဒီလောက်တောင်များ ဘဲလားကွယ်။ ဟွန်း . . . ဟွန်း . . .ဟွန်း ခင်လေးက ဒီလောက် ပြောနေမှ ညီညီပြောတာ မဆန်းတော့ဘူးပေါ့။ သူကလဲ ကျော့ကျော့ကို ဆယ်ခြောက်နှစ် သမီး လေးလိုဘဲ မြင်သတဲ့ကွယ်။ မပိုလွန်းဘူးလား။ ဟင်း . . . ဟင်း . . . ဟင်း၊ ကဲ . .. ဒါ အသာထား ပါဦး၊ ချစ်စုစံ ရန်ကုန်ကို လိုက်လာတာ အကြောင်းထူးတယ်လို့ ကျော့ကျော့ထင်တယ်”

“ဟုတ်ပါတယ် ဒေါ်လေးကျော့ရယ်။ ခင်လေး ဒေါ်လေးကျော့နဲ့ နေရအောင်

ရန်ကုန်ကို လိုက်လာခဲ့တာပါ။ ဒေါ်လေးကျော့က ခင်လေးကို လက်ခံမယ်လို့ ပြောထားတဲ့စကားအခံရှိလို့ အားကိုးပြီး လိုက်လာတာပါ။ ဒေါ်လေးကျော့”

“အောင်မလေး ချစ်စုစံရယ်။ မင်း . . . တကယ်ပြောတာလားဟင်။ ကျော့ကျော့နဲ့ တကယ် နေဖို့ ဆုံးဖြတ်လိုက်ပြီလား”

မကျော့ယဉ်သည် ခင်လေး၏ လက်ကောက်ဝတ်ကလေးနှစ် ဖက်ကို ဝမ်းသာအယ်လဲ ဆုပ်ကိုင်ဆွဲယူကာ မေးနေ၏ ။

“တကယ်ပါ ဒေါ်လေးကျော့၊ ဒေါ်ရွှေအိမ်မှာ ခင်လေးအတွက် သိပ်တာဝန်ကြီးနေတယ်။ သူက ခင်လေးကို လယ်အလုပ် ကိုင်းအလုပ်လဲ ပေးလုပ်တာမဟုတ်ဘူး။ နေပြောက်တောင် အထိုး မခံဘဲ သူတို့ပဲ ပင်ပင်ပန်းပန်း လုပ်ကျွေးနေတာကိုး . . . ခင်လေး မစားရက်တော့ဘူး ဒေါ်လေး ကျော့။ ခင်လေးက သူတို့အိမ်မှာ လူပိုသက်သက် ဖြစ်နေတာ”

‘အင်း . . . ဒေါ်ရွှေအိမ် ကတော့ တကယ့်ကို ချီးကျူး ထိုက်တဲ့ မိတ်ကောင်း ဆွေကောင်း ကြီးဘဲကွယ်။ အေးလေ . . .ခင်လေး အနေနဲ့ကလဲ ဟုတ်တာပေါ့။ သူများ ရဲ့ ပင်ပင်ပန်းပန်း လုပ်စာကို ဘယ်ထိုင်စားချင်ပါ့မလဲ”

“ဟုတ်ပါတယ် ဒေါ်လေးကျော့။ ဒါကြောင့် ဒေါ်လေးကျော့ဆီမှာ အလုပ်ရှာ လုပ်ချင်တယ် ဆိုပြီး အတင်းပူဆာလွန်းလို့ သူ့အစ်မ လူမမာကို ကြည့်ဖို့လာရင်း ခင်လေးကို ခေါ်လာခဲ့တာဘဲ။ အ ဖြစ်ကိုတော့ မပြောချင်တော့ပါဘူး ဒေါ်လေးကျော့ရယ် . . .။ သူနဲ့ ခင်လေးက စာလဲ ဒေါ်လေး ကျော့ဆီ ကြိုပို့ထားပြီးသားဆိုတော့ ကိန်းသေပေါက်တွက်ပြီးလာခဲ့တာပေါ့။ အဲ . . . လမ်း သုံးဆယ်ရောက်လို့ ဆန်းထွန်းကုမ္ပဏီရှေ့ရောက်ရော ဒေါ်ရွှေအိမ်ကို ဆေးရုံကိုဆက်လွှတ်ပြီး ခင်လေး တိုက်ခန်းပေါ်ကို ပြေးတက်ခဲ့မိတယ်”

“ဟယ်”

မကျော့လည်း မျက်လုံးပြူး သွား၏ ။

“ခင်လေးလဲ ဒေါ်လေးကျော့ကို တွေ့ချင်ဇောနဲ့ တိုက်ပေါ်ကို ပြေးတက်ခဲ့တာပေါ့။ အပေါ်လဲရောက်ရော အခန်းက သော့ကြီးပိတ်လို့”

“အဲဒီ တော့”

“ဘာပြောကောင်းမလဲ။ ခင်လေးဖြင့် စိတ်ပျက်လွန်းလို့ ရူးတောင်ရူးမတတ်ဘဲ။ တစ်ဖက် ခန်းကိုတံခါးခေါက်ပြီး မေးတော့ အဲဒီ ဘက်အခန်းက လူကလဲ ဂွစာကြီး၊ စကားတောင် ကောင်း ကောင်းမပြောချင်ဘူး”

“ဟုတ်တယ်။ အဲဒီ ဦးကောင်းညွန့်ဆိုတဲ့ လူကြီးက သိပ်အကျင့်ဆိုးတာ။ ကျော့ကျော့ အဲဒီ တိုက်ခန်းက ပြောင်းခဲ့တာလဲ သူနဲ့အခန်းချင်းယှဉ်မနေချင်တဲ့ အကြောင်းလဲ ပါတယ်။ ကဲ . . . . ဒါနဲ့ ဆက်စမ်းပါဦး၊ နောက်တော့ ဘာ ဖြစ်လဲ”

“သူက ဒေါ်လေးကျော့ ကမာရွက်၊ သုခလမ်းထဲကို ပြောင်းသွား တယ်တဲ့။ ဒါနဲ့ . . .ခင်လေး လဲ ဒေါ်ရွှေအိမ် ရောက်လာမဲ့အချိန်အထိ စောင့်ဖို့ အောက်ကို ပြန်ဆင်းခဲ့တယ်”

“ဟုတ်ပြီ . . . .ဒီတော့”

“အဲဒီ အချိန်မှာ ဘဲ တစ်ခါက ရွာကို အမဲလိုက်ဖို့ ရောက်လာတဲ့ လူ တစ်ယောက် ကို ဆုံမိ တယ်”

“အဲဒီ လူက ခု . . . ကျော့ကျော့ဆီ လိုက်ပို့ပေးတာလား”

မကျော့ယဉ်က ဖြတ်၍ မေးလိုက်သည်။

“ဟင့်အင်း . . .သူက . . .သူက . . . ခင်လေးကို ဒေါ်လေးကျော့ဆီ ပို့ပေးမယ်ဆိုပြီး . . . ဆိုပြီး . . . ဆိုပြီး . . .”

“ဟဲ့ ဟဲ့ ချစ်စုစံ . . . ရင်ထိတ်လိုက်တာ။ ပို့ပေးမယ်ဆိုပြီး သူက ဘာလုပ်လဲ ဟင်၊ ချစ်စုစံ ကို ဘာလုပ်လဲ”

မကျော့ယဉ်က ခင်လေးပုခုံးနှစ် ဖက်ကို ဆုပ်ကိုင်လှုပ်ရမ်းကာ အထိတ်တလန့် ရှိလှ ဟန်ဖြင့် မေးလိုက်၏ ။

"သူ . . . သူ့ အိမ်ကို ညာခေါ်သွားပြီး ခင်လေးကို အတင်းအိမ်ထဲဆွဲသွင်းဖို့ ကြိုးစားတယ်။ ဒါပေမဲ့ ခင်းလေး ကံကောင်းလို့ သူ့လက်က ထွက်ပြေးလွတ်မြောက်ခဲ့ပါတယ်"

"အောင်မလေး . . . ချစ်စုစံရယ် . . . ကျော့ကျော့ အသဲတုန် အူတုန် ရှိလိုက်တာ။ ကြုံကြုံ ဖန်ဖန်ကွယ် . . . ဘယ်လို လူတွေ နဲ့ သွားတိုးရတာ လဲ။ ချစ်စုစံကလေး ဘာမှမ ဖြစ်တာ တော် ပါ သေးရဲ့။ ဘုရား . . . ဘုရား"

မေကျော့ယဉ်သည် ရင်တုန်ပမ်းဟိုက်သွားမိဟန်ဖြင့် သူ့ရင်ဝကို သွယ်ပြောင်းသော လက် ကလေးဖြင့် ဖိနှိပ်ထားနေ၏ ။

"ဆက်ပြောပါဦး ခင်လေးရယ်၊ အဲဒီ ကနေ ချစ်စုစံ ဒီကို ဘယ်လိုရောက်လာတာလဲ ဟင်"

"ခင်လေး လမ်းမှာ မေးမြန်းစုံစမ်းပြီး လာခဲ့တာပါ"

"ကံကောင်းလိုက်တာ ချစ်စုစံရယ် . . .၊ ဒီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာ သိပ်ကံကောင်းတာဘဲ။ မတော် လို့ မသမာသူလက်ထဲရောက်သွားရင် အခက်ဘဲ"

ခင်လေး ကတော့ မေကျော့ယဉ်ကို ကြည့်နေရာမှ မျက်လွှာကလေးချကာ ကိုယ့်လိပ်ပြာ ကိုယ်မလုံသလို ဖြစ်နေ၏ ။

"ငါ့ကို အစ်ကိုနောင်လတ် ကယ်လိုက်တဲ့အကြောင်း မပြောတာဘဲ ကောင်းပါတယ်လေ . . .၊ ငါ့အဖို့ အဓိကအရေး ကြီးဆုံးက ဒေါ်လေးကျော့ဆီမှာ နေခွင့်ရပြီး ထိုက်သင့်တဲ့ အလုပ်ရဖို့ဘဲ။ သူတို့နဲ့ နောင်ပတ်သက်စရာ အကြောင်းကို မရှိတော့ဘူး"

"ချစ်စုစံ"

မေကျော့ယဉ်က သွယ်ပျောင်းသော သူ့လက်ချောင်းကလေးများ ဖြင့် ခင်လေး၏ မေးဖျား ချွန်ချွန်ကလေးကို မော့ယူလိုက်၏ ။

"ရှင် . . ဒေါ်လေးကျော့"

“ချစ်စုစံ ကျော့ကျော့နဲ့လာနေတာ ကျော့ကျော့ သိပ်ဝမ်းသာတာဘဲ။ ကျော့ကျော့လဲ ကျီးတွေ အလယ်မှာ ရောက်နေတဲ့ ဒေါင်းတစ်ကောင်လို နေရတဲ့ဘဝမို့ ကိုယ့်ညီမအရင်းလို တိုးတိုး ဖော် တိုင်ပင်ဖက် လုပ်နိုင်တဲ့ ချစ်စုစံကို တောင့်တနေတာပါ။ ကျော့ကျော့ဆီမှာ ချစ်စုစံ မတောင့် မတ မကြောင့် မကျဘဲ ကျော့ကျော့ထားနိုင်ပါတယ်။ ဒါပေမဲ့ ကျော့ကျော့ဆီမှာ နေရင် ချစ်စုစံ အနီးကပ်ဆုံးထိတွေ့ရမယ့် ကျော့ကျော့ဟာ ဘယ်လို မိန်းမစားမျိုးလဲဆိုတာ အရင်သိဖို့ လိုမယ်။ အဲဒါ ချစ်စုစံ လေ့လာကြည့်ပေါ့ကွယ် . . .။ ကျော့ကျော့ ကတော့ ကိုယ်အကြောင်း ကိုပြောတတ် တဲ့လူ မဟုတ်ဘူး။ ပတ်ဝန်းကျင်ဆိုတာလဲ သိပ်ကြောက်စရာကောင်းတယ် ချစ်စုစံ။ ကျော့ကျော့ တော့ ပတ်ဝန်းကျင်ကို သိပ်ကြောက်မိတယ်”

ခင်လေးသည် မေကျော့ယဉ်၏ စကားများ ကို အဓိပ္ပာယ်ကောက် ရတစ်ချက်၊ မရတစ်ချက် ဖြင့် တွေ ဝေ၍ နေရှာ၏ ။

“စောစောက ပြန်သွားတဲ့ ကောင်လေးက နောက်ဆုံးနှစ် ဆေးကျောင်းသား ညီညီဇော်တဲ့။ သူ့မိဘများ က ထိပ်ထိပ်ကျဲ သူဌေးတွေ ပေါ့ကွယ် . . .။ ဒီကောင်လေးက ကျော့ကျော့ကို အရူးအမူး ချစ်နေသလို ကျော့ကျော့ကလဲ သူ့ကို တစ်သက်နဲ့တကိုယ် မချစ်စဖူး အချစ်ထူးနေမိတယ်။ ပတ်ဝန်းကျင်အမြင်မှာ သူနဲ့ကျော့ကျော့ဟာ အမိနဲ့သားလောက် အသက်ချင်း ကွာဟနေတယ်ပေါ့။ ဒါပေမဲ့ ချစ်စုစံရယ် . . . သူကလေးကို ချစ်မိတော့ ကျော့ကျော့အသက် ဆယ်ခါပြန်ငယ်သွား တယ်လို့ ကိုယ့်ကိုယ်ကို ထင်မိတာဘဲ။

“တကယ်ပါဘဲ ချစ်စုစံရယ် . . . မင်းမေမေ တင်စား ယုံကြည်ခဲ့တဲ့ အချစ်ဆိုတာ ကျော့ကျော့ ခုမှ တွေ့နေရပြီ။ အင်း . . . သူသူရေ . . . မင်းခံခဲ့ရတဲ့ ချစ်ဒုက္ခမျိုးတွေ ကျော့ကျော့ တစ်ယောက် လဲ ခံနေရပြီကွယ် . .. ခံနေရပြီ။ သူသူသာရှိရင် ကျော့ကျော့ကို အားပေးမှာ သေချာ တယ်။ ကျော့ကျော့ သူသူကို လွမ်းလိုက်တာ ချစ်စုစံလေးရယ်။

မေကျော့ယဉ်သည် မျက်ရည်တွေ ဝဲစို့လာရင်း ခင်လေး၏ ဦးခေါင်းကလေးကို သူ့ရင်ခွင်နှင့် ထိကပ်ထားလိုက်၏ ။

သူ့မျက်လုံးများ ထဲတွင် အချစ်အတွက် အရာရာကို စွန့်လွှတ်ဝံ့သော သူငယ်ချင်းမ မြတ်လှသူ၏ မျက်နှာကို တရေး ရေး မြင်ယောင်လာလျက်ရှိပေ၏ ။

♥ ♥ ♥

## တစ်ဆယ်။

မြတ်လှသူ၊

မြတ်လှသူသည် ကျော့ယဉ် အချစ်ဆုံး သူငယ်ချင်း ဖြစ်သကဲ့သို့ ကျော့ယဉ်သည် မြတ်လှသူ၏ အချစ်ဆုံး သူငယ်ချင်း ဖြစ်ခဲ့သည်။

သို့ သော် သူတို့နှစ် ဦး၏ ကွာဟမှု များ က မိုးနှင့် မြေပမာ။

မြတ်လှသူသည် ဆွေကြီးမျိုးကြီး၊ အထုပ်ကြီး အထည်ကြီးထဲမှ ဆင်းသက်လာသူ တစ်ဦး တည်းသော သမီးပျိုကလေး ဖြစ်၏ ။

ကျော့ယဉ် ကတော့ ခါးချိအောင် လုပ်မှစားရေး ကြီးအဆင့်သာ ရသော လူတစ်ဦး၏ ရင်းသွေးသာ ဖြစ်၏ ။

အခြေအနေချင်း ကွာဟသော လူတန်းစား နှစ် မျိုးမှ ဆင်းသက်လာသော သည့်မိန်းကလေး နှစ် ယောက် သည် ငယ်စဉ်ကတည်းက ကစားဘက် ဖြစ်သကဲ့သို့ ကျောင်းနေဘက်လည်း ဖြစ်ကြ ၏ ။

ကျောင်းပညာ ခုနစ်တန်းနှစ် တွင် ကျော့ယဉ်၏ ဖခင် ရုတ်တရက် ကွယ်လွန်သွားသော ကြောင့် မိခင်က သူ့ကို ကျောင်းနုတ်ပစ်လိုက်၏ ။

သည့်အချိန်က ကျော့ယဉ်၏ အသက်သည် ဆယ့်ခြောက်နှစ် သာသာခန့်သာ ရှိသေးသော် လည်း မြင်သူတကာ ငေးရလောက်အောင် အလှသွေးကြွယ်နေသူ ဖြစ်၏ ။

စီးပွားရေး မပြေလည်၍ သားအမိနှစ် ယောက် ဒုက္ခဆင်းရဲတွေ ပင်လယ်ဝေနေချိန်တွင် ကျော့ယဥ်သည် မိဘများ နှင့် မိတ်ဟောင်းဆွေဟောင်း ဖြစ်သော ရုပ်ရှင်သရုပ်ဆောင် တစ်ဦးကို ဆုံစည်းမိသည်။

ထိုသူက ကျော့ယဉ်၏ အသွေးအမွေးကို ကြည့်၍ ရုပ်ရှင်ထဲဝင်လိုက ကူညီမည် ဖြစ်ကြောင်း ပြောသဖြင့် ကျော့ယဉ်သည် မိမိငယ်စဉ်ကတည်းက ဝါသနာပါသော လုပ်ငန်းမို့ ဝင်လုပ်ချင် ကြောင်း မိခင်အား ပန်ကြား၏ ။

မိခင်ဒေါ်နှင်းမြသည် မိမိ၏ သမီးပျိုကလေးကို ထိုလုပ်ငန်းထဲသို့ မဝင်စေလိုသော် လည်း မိတ်ဆွေကောင်း ဟာသဇာတ်ဆောင် ဦးကြွယ်လေးကတိုက်တွန်းသည်ကတစ်ကြောင်း၊ သမီးက နားပူနားဆာ ခွင့်ပန်သည်ကတစ်ကြောင်းမို့ ခွင့်ပြုလိုက်မိ၏ ။

သို့ နှင့် ကျော့ယဉ်မှသည် မေကျော့ယဉ် ဖြစ်ကာ ကျော့ယဉ်သည် ရုပ်ရှင်နယ်ထဲသို့ ခြေစုံ ပစ်၍ ဝင်ခဲ့တော့သည်။

မေကျော့ယဉ်သည် ခေါင်းဆောင်မင်းသမီး မ ဖြစ်သော် လည်း ဒုတိယသရုပ်ဆောင်မင်းသမီး အ ဖြစ် ဇာတ်ကားပေါင်း မြောက်များ စွာ ရိုက်ခဲ့ရပေ၏ ။

ကျော့ယဉ် တစ်ယောက် ရုပ်ရှင်နယ်ထဲသို့ ဝင်ရောက်သွားသည့်အခါတွင် တော့ ဦးသီဟနှင့် ဒေါ်မြတ်ရွှေဖြူတို့သည် သူတို့၏ ချစ်မငြီးသော သမီးကလေးမြတ်လှသူကို ကျော့ယဉ်နှင့် ပေါင်းသင်းဆက်ဆံခွင့် မပြုတော့ပေ။

သူတို့၏ အမြင်တွင် အနုပညာသည်သည် ကလက်သည်၊ ပျက်သည်တဲ့။

သို့ သော် မိဘများ က မည် မျှပင် တားမြစ်ပိတ်ပင်စေကာမူ မြတ်လှသူသည် အခွင့်အရေး ရသည်နှင့် တစ်ပြိုင်နက် မေကျော့ယဉ်ကို ဆက်သွယ်တတ်၏ ။

တိတ်တခိုး တွေ့ဆုံတတ်ကာ သူငယ်ချင်း ဖြစ်သူ၏ ဘဝတွင် စိတ်ဝင်စားမှု ဖြင့် မေးမြန်း စုံစမ်း၏ ။

တစ်စတစ်စဖြင့် သူသည်လည်း ရုပ်ရှင်အရူးမကလေး ဖြစ်မှန်းမသိ ဖြစ်လာ၏ ။

ယင်းသို့ နေလာခဲ့ရာမှ တစ်နေ့သော အခါတွင် ကင်မရာမင်း ကိုရဲဆွေဆိုသူနှင့် မြတ်လှသူ တို့ မေကျော့ယဥ်၏ နေအိမ်တွင် ဆုံစည်းသိကျွမ်းလာခဲ့၏ ။

နေရာတကာတွင် အချုပ်အချယ် အနှောင်အဖွဲ့ တို့ဖြင့်သာ နေရရှာသော မြတ်လှသူသည် အပြောကောင်း၊ သဘောကောင်း၊ မနေကောင်း အစ်ကိုချောနှင့် ဆုံစည်းခဲ့မိသည်ကို တွေ းမိလေ တိုင်း ရွှေရင်သိမ့်သိမ့် ငြိမ့်ငြိမ့်ခုန်လျက် ရှိနေပေ၏ ။

ရဲဆွေကလည်း သည်ယုန်မြင်လို့ သည်ချုံထွင်သည်။

မြတ်လှသူသည် မစွမ်းရင်းကလဲရှိ၊ ကန်စွန်းခင်းကလဲ ငြိနေသည်မို့ မကြာသော ကာလ တွင် တစ်ဦးမေတ္တာ တစ်ဦးက ကြည်ဖြူကာ တူနှစ် ကိုယ်နေရဖို့အရေး ဆွေးနွေးလို့ နေကြတော့၏ ။

မေကျော့ယဥ်သည် သူငယ်ချင်းကိုလည်းချစ်၊ ဦးသီဟနှင့် ဒေါ်မြတ်ရွှေဖြူ ကိုလည်း တစ်ဖက်က ဖိန့်ဖိန့်တုန်အောင် ကြောက်နေရသူမို့ သူတို့နှစ် ဦးကြားတွင် သော ကများ ၍ နေရရှာပေ ၏ ။

ထိုသို့ဖြင့် ရက်များ အတော် ကုန်ဆုံးလာခဲ့၏ ။

တစ်နေ့တွင် မြတ်လှသူကို တစ်ဖက်သတ်ပိုးပမ်းနေသော သစ်တော် အုပ် မင်းစိုးသည် ရဲဆွေနှင့် မြတ်လှသူ၏ သတင်းကို သဲ့သဲ့ကြားရသဖြင့် လိုက်လံချောင်းမြောင်း ဖမ်းဆီးရာ ကျောင်းမှလစ်ထွက်၍ ရဲဆွေရုပ်ရှင်ရိုက်ရာသို့လိုက်သွားသော မြတ်လှသူကို ထောက်ကြန့် စစ်သင်္ချိုင်းတွင် လက်ပူးလက်ကြပ် ဖမ်းမိသွား၏ ။

ထိုနေ့က ချစ်သူနှစ် ဦး မဟာငရဲသို့ ကျသော နေ့ပင်တည်း။

ဦးသီဟနှင့် ဒေါ်မြတ်ရွှေဖြူတို့က စံအိမ်ကြီး ပေါ်တွင် လောင်မီးကျနေ၏ ။

သည်ကိစ္စအတွက် အသဲအမဲကြီးနေသူက ဒေါ်မြတ်ရွှေဖြူ၏ အမ မြတ်ရွှေမူပင် ဖြစ်၏ ။

ကျယ်ဝန်းသော ဧည့်ခန်းကြီးထဲတွင် အောင်နိုင်သူ မင်းစိုး တစ်ယောက် က အပြုံး တဝင့်ဝင့် ရှိလှသော်လည်း မြတ်လှသူခများမှာ တော့ သည်းပွတ်နလုံး ကြေပြုန်းလိုမတတ် ငိုရှိုက်၍ နေရရှာ ပေ၏ ။

ဦးသီဟသည် သမီးကို ကြိမ်းမောင်းရင်း ဆုံးဖြတ်ချက်ကိုလည်း တပါတည်း ချလိုက်သည်။

မင်းစိုးနှင့် မြတ်လှသူကို အမြန်ဆုံး လက်ထပ်ပေးမည် ဟူ၏ ။

မြတ်လှသူ တစ်ယောက် ငိုလိုက်ရသည်မှာ အသက်ထွက်လုမတတ်။

မြတ်လှသူ၏ မိဘများ နှင့် မင်းစိုး၏ မိဘများ သည် နှစ် ပါးဂဟေဆက်၍ လက်ထပ်ပွဲကျင်းပ ပေးဖို့ရာ စိုင်းပြင်းနေချိန်တွင် မြတ်လှသူခများသည် လှောင်ချိုင့်စံ ဖြစ်နေရပေ၏ ။

မကြာမီ မင်္ဂလာဖိတ်စာများ ရိုပ်နှိပ်ပြီးစီးပြီ ဖြစ်၍ နှစ် ဖက်သော မိဘတို့၏ ဆွေမျိုးမိတ်သင်္ဂဟ များ ကိုပင် ဝေငှနေပြီ ဖြစ်တော့သည်။

လွတ်လမ်းကိုဖြင့် ဘယ်မမြင်သည့်အခါတွင် မြတ်လှသူသည် ချစ်သူနှင့် နီးရဖို့ရာ ဥပါယ် တံမျဉ်း သုံးရတော့၏ ။

မိမိအရေး အောင်မြင်ရေး အတွက် အခိုက်အတန့်တွင် မချစ်သော်လည်း အောင့်ကာနမ်းရ မည့် အခြေမို့ မြတ်လှသူသည် အခြေအနေကို တင်းမာမထားတော့ဘဲ မင်းစိုး မိမိ၏ စံအိမ်သို့ ရောက်လာလေတိုင်း တဖြေးဖြေးစကားလက်ခံပြောကာ စတင်လိုက်လျော့မှု ကလေးတွေ ပြုလာ ၏ ။

လက်ကလေးဆွဲ၊ ပါးကလေးတို့လာသည်ကလွဲ၍ လွန်ကျူး လာမည့် ဟန်များ ပြလာလျှင် တော့ မြတ်လှသူသည် အလိမ်မာလေး သုံး၊ အချိုကလေးသပ်ကာ မိမိကိုယ်ကို ထိန်းသိမ်းလိုက်ရ သည်မှာ အမော။

မိခင်နှင့် ဖခင် ဖြစ်သူမှာ မိမိတို့၏ သမီးသည် အခြေအနေတင်းမာမနေဘဲ

လိုက်လျောစ ပြုလာသည်ကို တွေ့ရလျှင် လွန်စွာ နှစ် ထောင်းအားရ ရှိလာကြ၏ ။

အချင်း ဖြစ်ပွားသည့် နေ့ကလောက် ချုပ်ချယ်ခြင်းမရှိဘဲ လိုက်လိုက်လျောလျောရှိလာ သည်ကိုတွေ့ရလျှင် မြတ်လှသူမှာ မိမိ၏ အနတိုက်ပွဲ အောင်မြင်စ ပြုလာပြီ ဖြစ်သည်ကို ဝမ်းမြောက်ဝမ်းသာ ရှိ၍ နေ၏ ။

တစ်နေ့တွင် တော့ မြတ်လှသူသည် မင်းစိုးကို လက်ခံစကားပြောဆိုနေရင်းက မိမိမှာ ဘုရား မဖူးရသည်မှာ ကြာပြီ ဖြစ်၍ ရွှေတိဂုံစေတီတော် ကြီးကို ဖူးမျှော်လိုကြောင်း စကားကြောင်းကြည့် လိုက်၏ ။

"ဟုတ်တယ်နော် . . . ခါတိုင်းဆိုရင် သူသူမွေးရက် သော ကြာနေ့တိုင်း ဘုရားတက်ကြ တာ ကိုစိုးသတိပြုမိတယ်"

"ဒီနေ့လဲ သော ကြာနေ့ဘဲ ကိုစိုးရဲ့ "

"သူသူ သွားချင်လို့လား"

"သွားတော့သွားချင်တာပေါ့ ကိုစိုးရယ်။ ဖေဖေတို့က မလွှတ်တာဘဲကိုး"

"ကိုစိုးနဲ့ဆိုရင် စိတ်ချပါတယ်။ သူသူနဲ့ကိုစိုး နက်ဖြန်သဘက်လဲ လက်ထပ်ကြ ကတော့မဲ့ဟာ ဘဲ။ နေဦး . . . နေဦး ကိုစိုးဦးဦးကို ခွင့်တောင်းကြည့်လိုက်ဦးမယ်"

ပြောပြောဆိုဆို မင်းစိုးသည် မြတ်လှသူ၏ ဖခင်ရှိရာစာကြည့်ခန်းသို့ ထွက်ခွာသွားသဖြင့် သူသည် ဣန္ဒြေရရကလေး ထိုင်နေလိုက်၏ ။

ရင်ထဲတွင် တော့ တဒိတ်ဒိတ်ခုန်လျက် . . .

♥ ♥ ♥

တခဏကြာလျှင် မင်းစိုးသည် မှိုရသော မျက်နှာဖြင့် မြတ်လှသူထံ

ပြန်ရောက်လာ၏ ။

"ဦးဦးက ကိုစိုးကိုခေါ်သွားလိုက်ပါတဲ့။ ကဲ . . . အဝတ်အစား မြန်မြန်လဲ၊ ခုနစ်နာရီတောင် ထိုးနေပြီ။ အော် . . .အနွဲ့ကိုလဲ ခေါ်သွားတဲ့။

"အင်း . . .အင်း"

မြတ်လှသူသည် မိမိ၏ အိပ်ခန်းအတွင်း သို့ ပြေးဝင်ကာ အသင့်ထုပ်၍ ဖုက်သိထားသော အထုပ်ကလေးတစ်ခုကို ခါးကြားထဲသို့ ထိုးသွင်းလိုက်၏ ။ ပြီးလျှင် လျှော်စောင်ကလေး တစ်ထည် ကို ဘီဒိုထဲမှ ထုတ်ယူကာ အိပ်ခန်းထဲမှ ထွက်ခဲ့၏ ။

"အနွဲ့ရေ . . အနွဲ့ . . .ခဏဟေ့"

မြတ်လှသူတို့၏ အိမ်ဖော်မကလေး အပြေးကလေး ရောက်လာ၏ ။

"ဘုရားသွားကြရအောင်"

"ဟုတ်ကဲ့"

နှစ် ဦးသား ဧည့်ခန်းဆီသို့ ထွက်ခဲ့သည်တွင် သတင်းစာဖတ်၍ ထိုင်စောင့်နေသော မင်းစိုးကို တွေ့ ရ၏ ။

"ကိုစိုး သွားမယ်"

"ဟောဗျာ၊ ပြင်တင် ဆင်တာ မြန်လှချည်လား"

"အို . . . ဘုရားသွားတာဘဲ ပြင်စရာ ဆင်စရာမလိုပါဘူး။ သဘက်တစ်ထည်ပါရင် ပြီးတာဘဲ"

"ဟုတ်ပါတယ်ဗျာ၊ ကိုယ့်ဇနီးလောင်းက နဂိုရ်လှပြီးသားဘဲ၊ ပြင်စရာ ဆင်စရာလဲ မလိုပါ ဘူး။ ဟဲ . . .ဟဲ . . . ဟဲ မဟုတ်ဘူးလား အနွဲ့"

အနွဲ့မည် သော အိမ်ဖော်မလေးက ခေါင်းကလေးကို ဆတ်ကနဲညိတ်ပြလိုက်ရှာ၏ ။

မင်းစိုးသည် သူနှင့် ယှဥ်တွဲ ထိုင်ရန် ကားရှေ့ခန်းတံခါးကို မြတ်လှသူအား ဖွင့်ပေး၏ ။

သည်တော့ မြတ်လှသူလည်း ရှေ့ခန်းမှာ ပင် ဝင်ထိုင်လိုက်ရ၏ ။

အန္တ့ခမြာ နောက်ခန်းတွင် ခပ်ကုပ်ကုပ်ကလေး ထိုင်ရင်း စိတ်ကျဉ်းကြု တ်နေရှာမည် ဖြစ်သော သူ့မမလေး မြတ်လှသူကို ကြိတ်၍ သနားနေမိပေ၏ ။

အကြံသမား မြတ်လှသူ ကတော့ ရရှိလာသော အခွင့်အရေး ကို မိမိရရ အသုံးချနိုင်ရန် ဉာဏ်နီဉာဏ်နက်တွေ အမျိုးမျိုး ထုတ်လာလျက် ရှိပေ၏ ။

အင်းလျားမြိုင်နှင့် ရွှေတိဂုံစေတီတော် ကြီးသည် များ စွာ အလှမ်းမကွာလှသော ကြောင့် တိုတောင်းလှသော အချိန်အတွင်း ဘုရား၏ အနောက်မုခ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိခဲ့ ကြ၏ ။

မင်းစိုးက သူ့ကားကို မှန်တင်၍ အသေအချာ သော့ ခတ်လိုက်၏ ။ ပြီးလျှင် သုံးဦးသား ဖြေးညှင်းစွာ တက်ခဲ့ကြသည်။

“သူသူ ဒီလိုသော ကြာနေ့တိုင်း ဘုရားတက်ချင်မှန်း မသိလို့ပါဗျာ။ နောင်ဆိုရင် စိတ်ချ သူသူ၊ ကိုစိုးကိုယ်တိုင် အပတ်တိုင်း မှန်မှန်လိုက်ပို့ပေးမယ်”

“ကျေးဇူးတင်ပါတယ် ကိုစိုး”

မြတ်လှသူက မသိမသာ မျက်လုံးများ လှုပ်ရှား၍ ထွက်ပေါက်ကို ရှာဖွေနေရင်းက သင့်တင့် လျှောက်ပတ်သော စကားကို ပြောဆိုလိုက်၏ ။

“သူသူကကွာ ကိုစိုးကို ဆက်ဆံတာ တစိမ်းတရံစာကျနေတာဘဲ။ ကျေးဇူးတင်ရတာ နဲ့ ဘာနဲ့”

“ဟင်း . . . ဟင်း . . .ဟင်း . . . သူသူမေ့ပြီးပြောမိတာပါ။ နောင်မပြောတော့ပါဘူးတဲ့ရှင် မပြောတော့ပါဘူးတဲ့”

မျက်နှာကလေး မော့တော့တော့နှင့် ငေါ့ငေါ့ကလေး ပြောလိုက်သော

မြတ်လှသူကို ကြည့်ကာ သူကောင်းသားသည် တဟီးဟီး တဟဲဟဲ အသံများ ထွက်၍ သဘောခွေ့ မနောတွေ ့ သွားတော့၏ ။

သို့နှင့် ရယ်ရင်း မောရင်း ဘုရားရင်ပြင်တော် ပေါ်သို့ ရောက်ရှိလာခဲ့ကြ၏ ။

မြတ်လှသူသည် ဘုရားရှင်တော် ကို ဝတ်ဖြည့်ကန်တော့ပြီး မချစ်မနှစ်သက် သူနှင့် ဝေး၍ နှစ်သက် မြတ်နိုးသူနှင့် မကွဲမကွာ အမြဲန် မနေး နေရကြောင်း ဆုတောင်းဆန္ဒပြု လိုက်မိ၏ ။

နွဲ့နှောင်းရှင်းကျော့စွာ ထိုင်ကာ ဆုမွန်ကောင်းများ တောင်းခံနေသော မြတ်လှသူ၏ နောက် မလှမ်းမကမ်းနေရာမှ နေရင်း မင်းစိုးသည် အလှကသိုဏ်းကို ရှု၍ နေ၏ ။

သည်အလှပဂေးမလေးကို ပိုင်ရချည့်သေးရဲ့ ဟူသော စိတ်ကူးယဉ်အတွေးဖြင့် မေးစေ့ကို ပွတ်ကာ မျက်နှာကြီးသည် ပြုံး ဖြီး၍ နေ၏ ။

မြတ်လှသူက သူ့နံဘေးကို မသိမသာ စောင်းငဲ့၍ ကြည့်လိုက်သည်။

အနွဲ့ကလေးသည် ပုဆစ်တုတ်ထိုင်ကာ လက်အုပ်ကလေးမြဲစွာ ချည်ပြီး မျက်စိကို စုံမှိတ်၍ ပါးစပ်က ပေါက်ပေါက်လွှတ်သည့်ပမာ ဘုရားရှိခိုး၍ နေ၏ ။

မြတ်လှသူသည် ပင့်သက်ကလေး ရှိုက်လိုက်ပြီး ထရပ်လိုက်သည်။

“ကိုစိုး . . .”

“ဘာလဲ သူသူ”

“သူသူ ရေသပ္ပာယ်ချင်တယ်၊ ဟိုနားက ရေသည် ခေါ်ပေးပါနော်”

အချောအလှကလေးက ခပ်နော့နော့ကလေး ပြောလာသည့် အခါတွင် သူကောင်းသား သည် ပြာပြာသလဲ ဖြစ်သွား၏ ။

“အို . . .ခေါ်ပေးမယ် ခေါ်ပေးမယ်”

သူသည် အပြေးကလေးပင် နေရာမှ ထွက်ခွာသွား၏ ။

မင်းစိုး တစ်ယောက် သူ့ဘက်သို့ ကျောပေးလိုက် သည်နှင့် တစ်ပြိုင်နက် မြတ်လှသူသည် နေရာမှထ၍ လှစ်နေအောင် ပြေးပါတော့သည်။

အမှောင်ရိပ်ကျနေသော ဘုရားတန်ဆောင်းများ သည် မြတ်လှသူ တစ်ကိုယ်စာကိုတော့ ကောင်းစွာ ဖျောက်ထားနိုင်၏ ။

မြတ်လှသူသည် မှောင်ရိပ်ရင့်သော တစ်နေရာတွင် ခေတ္တမျှနား၍ အခြေအနေကို သုံးသပ် လိုက်ပြီး ဗဟန်းမုခ်ဘက်သို့ အသော့နှင်ခဲ့၏ ။

အချစ်အတွက် စွန့်စားလိုက်ရသည့် ဖြစ်ခြင်း။

ရွှေရင်တုံလိုက် မောဟိုက်နေသည့်ကြားကပင် ချစ်ဦးသူ၏ မျက်နှာကို ပြေး၍ မြင်ယောင် ကာ တအားတက်၍ လည်း နေမိပေ၏ ။

နေရစ်တော့ မေမေချစ်နိုင်တဲ့သူရေ။

♥ ♥ ♥